# ပုဂံရွှေပြည်

မန်းမော်တင်အောင်



SAMPLE BOOK

# ပုဂံရွှေပြည်

ဗန်းမော်တင်အောင်

မျက်နှာဖုံးဒီဇိုင်း- ဇော်မောင်

ISBN 978-99986-52-80-4
9 789998 652804 >
K0558

mgyoe.com SAMPLE BOOK

ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဦးကျော်ဇင်၊ ကံ့ကော်ဝတ်ရည်စာပေ(၀၀၄၅၄)
၅၁၊ ရေကျော်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
ပထမအကြိမ် - ဧပြီလ၊ ၁၉၇၄ ခုနှစ်၊ ပင်းယစာပေတိုက်။
ဒုတိယအကြိမ် - ဖေဖော်ဝါရီလ၊ ၂၀၁၂ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
တတိယအကြိမ် - ဇွန်လ၊ ၂၀၂၅ ခုနှစ်၊ ကံ့ကော်ဝတ်ရည်စာပေ။
အုပ်ရေ - ၇၀၀
မျက်နှာဖုံးပုံနှိပ် - ဦးကျော်ဌေးမင်း၊ အောင်သိန်းသန်းပုံနှိပ်တိုက် (၀၀၄၃၅)
အမှတ်-၁၃၈၊ ဗိုလ်ချုပ်လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်းပုံနှိပ် - ဦးလပြည့်ဝေး၊ လပြည့်လင်း ပုံနှိပ်တိုက် ၊ အမှတ် ၁၁-H၊
၅၅ လမ်း (အလယ်ဘလောက်)၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးသရုပ်ဖော်- ဇော်မောင်
တန်ဖိုး - ၁၂၅၀၀ ကျပ်

mgyoe.com

mgyoe.com SAMPLE BOOK



# ပုဂံရွှေပြည်

မန်းမော်တင်အောင်

mgyoe.com

mgyoe.com SAMPLE BOOK

သူတို့ဘာသာ သူတို့ မဖတ်ရှု မလေ့လာတတ်မီက
“ပုဂံရွှေပြည်”အကြောင်း ပုံပြောပြပါဟု
မကြာမကြာ ပုံအပြောခိုင်းလေ့ရှိကြသော
ပူတူးမ၊ ဘုတ်ဆုံမ နှင့် တာတူးမ တို့
ညီအစ်မသုံးယောက်တို့ကို
ရည်ညွှန်းလို၏။

mgyoe.com

mgyoe.com SAMPLE BOOK


❋ စာရေးသူ၏ အမှာ

၁။ ဆင်နှင့် မြင်း

၂။ ခန်းမင်းကြီး၏ မျက်စောင်း

၃။ ရေအကစားမပျက်သော ပုဂံရွှေနန်းရှင်

၄။ ပုဂံနှင့် မြန်မာ

၅။ ပုဂံရွှေပြည်၏ နန်းတွင်းရေး

၆။ ဆင်ဖြူတော်နှင့် သချိုင်းတော်

၇။ ရွှေနန်းတွင်း အာဏာနိုင်ငံရေး

၈။ ခလုတ်ထိမှ အမိတခြင်း

၉။ ဘုရားလည်းပြီး ပြည်ကြီးလည်းပျက်

၁၀။ ဝါရီရူနှင့် ခန်းမင်းကြီး

၁၁။ နရသီဟပတေ့နှင့် ခန်းမင်းကြီး၏ သံအဖွဲ့

၁၂။ တင်းမာလာသော နှစ်နိုင်ငံ နယ်နိမိတ်မျဉ်းကြောင်း

၁၃။ ငဆောင်းချမ်းတိုက်ပွဲ

၁၄။ စိန်ခေါ်၍ ထွက်ပြေးသူ

၁၅။ ရွှေနန်းရှင်၏ နောက်ဆုံးညီလာခံ

၁၆။ ရှင်ဒိသာပါမောက္ခ သံအဖွဲ့


mgyoe.com

mgyoe.com SAMPLE BOOK


၁၇။ ပုဂံ၏ နိဂုံး

၁၈။ ခန်းမင်းကြီးနှင့် ပုဂံရွှေပြည်

၁၉။ ခန်းမင်းဆက်နှင့် မြင်းတပ်ကြီး

၂၀။ ရပ်တန့်လျက်ရှိသော မောင်းဂွတ်လူမျိုးများ

၂၁။ ခန်းမင်းကြီး ဂျင်ဂစ်ခန်

၂၂။ မောင်းဂွတ်တို့၏ မြင်းတပ်ကြီး

၂၃။ ခန်းမင်းကြီး၏ ရာဇပရိယာယ်

၂၄။ တရုတ်မဟာတံတိုင်းနှင့် မောင်းဂွတ်မြင်းတပ်

၂၅။ တရုတ်အင်ပါယာ အနုကြမ်းအစီးခံရခြင်း

၂၆။ ဂျင်ဂစ်ခန်၏ အင်ပါယာ

၂၇။ ခန်းမင်းဆက်နှင့် ပုဂံရွှေပြည်

၂၈။ ပုဂံရွှေပြည်၏ အသုဘ


mgyoe.com

mgyoe.com SAMPLE BOOK

## စာရေးသူ၏ အမှာ

၁။

သမိုင်း ဆိုသည်ကား လွန်လေပြီးသော တစ်ချိန်က လူတို့၏ မသိမိုက်မဲမှုများနှင့် ယင်းမသိမိုက်မဲမှုများပေါ်တွင် အခြေခံကာ လူတို့ ကျူးလွန်ခဲ့ကြသော ရာဇဝတ်မှုခင်းကြီးများအပြင် ယင်းရာဇဝတ်မှုခင်းများကြောင့် လူ့အနွယ်ဝင်များ ဒုက္ခပင်လယ်ဝေခဲ့ကြရသော အကြောင်းအရာနှင့် အဖြစ်အပျက် အရပ်ရပ်တို့၏ အပေါင်းအစုမျှသာ ဖြစ်၏။ ယင်းသို့လျှင် ပြင်သစ်အမျိုးသား စာရေးဆရာကြီး ဗော်တိုင်ရာက သမိုင်းနှင့်ပတ်သက်သော သူ၏ အမြင်၊ သဘောထားနှင့် ခံယူချက်များကို ဖွင့်ဆိုခြင်း ပြုခဲ့၏။

ဗော်တိုင်ရာ၏ ယင်းဖွင့်ဆိုချက်နှင့် ပတ်သက်၍ သဘောတူသူများ ရှိသကဲ့သို့ သဘောမတူနိုင်သူများလည်း ရှိကြ၏။

ဗြိတိသျှအမျိုးသား သမိုင်းပညာရှင်တစ်ဦး ဖြစ်သူ ဂစ်ဘွန်းက ယင်းပြင်သစ်သုခမိန်၏ ဖွင့်ဆိုချက်ကို ပံ့တင်ထပ်ခဲ့၏။ ဂစ်ဘွန်း၏ 'ရောမအင်ပါယာကြီး၏ ပျက်စီးရခြင်းအကြောင်း' အမည်ရှိသော သမိုင်းစာတမ်းသည် သမိုင်းစာပေနှင့် ပညာရပ်တွင် များစွာ ထင်ရှားကျော်ကြားလျက် ရှိသော စာတမ်းပင် ဖြစ်၏။

၂။

ဆွေ့ဆွေ့ခုန်ရလောက်အောင် ပူပြင်းသော ရာသီဥတုနှင့် အရပ်နေရာ ဖြစ်ရကား နေတော်တော်ကြီး ကျသွားတော့မှပင် ကျွန်တော်သည် အောက်ခြေမှ တောင်ပေါ်သို့ ဖြည်းဖြည်းချင်း တက်ရ၏။ တောင်သည် တော်တော်ကလေး မြင့်၏။ ၄င်း

mgyoe.com

mgyoe.com SAMPLE BOOK

အပြင် မတ်လည်း မတ်၏။ နေဝင်ချိန်လောက်မှပင် တောင်ထိပ်ပေါ်ရှိ စေတီတော် ရင်ပြင်သို့ ကျွန်တော် ရောက်ရှိသွား၏။

တန့်ကြည့်တောင်ထိပ်ပေါ်သို့ ရောက်ရှိသွားလျှင်သွားချင်း မောရပန်းရ ခြင်းကို အလျှင်းပင် သတိမရနိုင်အားဘဲ မိမိလည်ပင်းတွင် ချိတ်ဆွဲလာခဲ့သော အဝေးကြည့်မှန်ပြောင်းနှင့် မြစ်တစ်ဖက်ကမ်းတွင် ရှိသော အရပ်သို့ လှမ်း၍ ကြည့် လိုက်၏။ ပုဂံ၏ အလှကို တွေ့ရလိမ့်မည်ဟု ကျွန်တော် ထင်ထား၏။

သို့ရာတွင် ပုဂံ၏ အလှကိုကား ကျွန်တော် မတွေ့။ ပုဂံနှင့် ညောင်ဦး အကြား အရှုးမကြီးတစ်ယောက်နှင့် မခြား လူးလားဆန်ခတ် ပြေးလွှားလျက် ရှိသော မိန်းမတစ်ယောက်ကိုသာ မမျှော်လင့်ဘဲ တွေ့မြင်ရ၏။ အဘယ်နည်း။

ထိုမိန်းမသည် ရင်စည်းမျှပင် ကိုယ်၌ မကပ်။ ပွင့်နေသော ရင်ကိုပင် ထုကာ ထုကာ ငိုကြွေးမြည်တမ်းလျက် ရှိ၏။ ထိုမိန်းမတစ်ယောက်၏ ရှိုက်ကြီး တငင် ငိုကြွေးသံကို လည်းကောင်း၊ အော်ဟစ်မြည်တမ်းသံကို လည်းကောင်း ကျွန်တော် ကောင်းစွာကြားရ၏။ အဘယ်နည်း။

ပုဂံသည် လှပ ညက်ညော၏။ ထို့ပြင် ကြီးကျယ်ခမ်းနား၏။ ကျွန်တော် တို့၏ ဘိုးဘေးများသည် ထိုအရပ်နေရာ၌ အားမာန်သစ်ကာ လူဖြစ် ကြီးပြင်းခဲ့ကြ ရသည် မဟုတ်သလော။ သမိုင်းပညာရှင်များက ထိုသို့ မိန့်ဆိုခဲ့ကြ၏။

ထို့ကြောင့် ပုဂံ၏ အလှကျက်သရေနှင့် ခန့်ညားထည်ဝါသော အတိတ် တို့ကို ဖွေရှာကြည့်ရှုရန်အတွက် ကျွန်တော်သည် အချိန်အကုန်ခံကာ၊ အပင်ပန်း ခံကာ တန့်ကြည့်တောင်ပေါ်သို့ တက်လာခဲ့ခြင်း ဖြစ်၏။ သို့ရာတွင် ပုဂံ၏ အလှ နှင့် ကျက်သရေတို့ကို လည်းကောင်း၊ ကြီးကျယ်ခမ်းနားသော အတိတ်တို့ကို လည်းကောင်း မတွေ့ရဘဲ အဘယ့်ကြောင့် ရင်စည်းမျှပင် မကပ်နိုင်ဘဲ အရူးမ တစ်ယောက်နှင့်မခြား တောင်ကူး၊ မြောက်ကူး ပြေးရင်း ငိုကြွေးမြည်တမ်းနေရ သော မိန်းမတစ်ယောက်ကိုသာ တွေ့မြင်နေရပါလိမ့်။

၃။

ထိုမိန်းမသည် ရှိုက်ကြီးတငင် ငိုကြွေးလျက် ရှိ၏။ အော်ဟစ် မြည်တမ်းလျက် လည်း ရှိ၏။ အဘယ်နည်း။ ရင်စည်းမျှပင် ကိုယ်၌ မကပ်နိုင်သော ထိုမိန်းမ၏ ရင်ထုသံကို ကျွန်တော် ကောင်းစွာကြားရ၏။

ဇာတ်တော်လာ မပဋာ၏အကြောင်းကို ကျွန်တော်တို့သည် ငယ်စဉ်ကပင် ကြားနာဖူးကြ၏။ သားသေ လင်ဆုံးကာ ဘဝအခြေ ပျက်ခြင်းမကပ ပျက်ခဲ့ရသဖြင့်

mgyoe.com

mgyoe.com SAMPLE BOOK

သူဌေးသမီး မပဋ္ဌာတစ်ယောက် သွက်သွက်လည်သွားရလောက်အောင် ရှုံးသွပ်ခဲ့ရသော အဖြစ်အပျက်နှင့် အကြောင်းအရာများကို ကျွန်တော်တို့သည် ယယ်ရွယ်စဉ်က မျက်ရည်ဝဲဝဲ နှာရှုံ့ရှုံ့နှင့် နာကြား ဖတ်ရှုခဲ့ကြရသည် မဟုတ်သလော။ သို့ရာတွင် ပုဂံနှင့် ညောင်ဦးအကြား တောင်ကူး မြောက်ပြေး ဖြစ်နေရသော ထိုမိန်းမ၏အဖြစ်သည် မပဋ္ဌာအဖြစ်ထက် မသာသည့်တိုင်အောင် နိမ့်ကျလိမ့်မည်ကား မဟုတ်ပေ။

ထိုမိန်းမ၏ လင်ယောကျ်ားသည် သေဆုံးလျက် ရှိ၏။ ထိုယောကျ်ားသည်လည်း အနာရောဂါကြောင့် သော်လည်းကောင်း၊ ရိုးရိုးသားသား ကံကုန်၍ သော်လည်းကောင်း သေရသော သေခြင်းမျိုး မဟုတ်ဘဲ အသတ်ခံရသောကြောင့် သေခြင်းဆိုးမျိုးနှင့် သေဆုံးခဲ့ရခြင်း ဖြစ်၏။ ထိုယောကျ်ားကို သတ်သူ တရားခံမှာလည်း သူစိမ်းတစ်ရံဆံ မဟုတ်။ သားလုပ်သူကိုယ်တိုင် ဖြစ်၏။ သားဖြစ်သူလူသတ်သမားက အဖလုပ်သူကို ဓားမိုးကာ အဆိပ်ကျွေး သတ်ခြင်းလည်း ဖြစ်၏။

ထိုမုဆိုးမတစ်ယောက်၏ ဒုက္ခသည် ထိုမျှလောက်သာ မဟုတ်သေး။ လင်သေဆုံးရအံ့ဆဲဆဲ အချိန်တွင် ဓားပြ အရိုက်ခံခဲ့ရရုံမျှသာမက၊ အိမ်ပါ မီးအတိုက်ခံလိုက်ရ၏။ ဓားပြများသည် ပစ္စည်းယူ၊ အိမ်မီးတိုက်ရုံမျှလောက်နှင့် တင်းတိမ်ခြင်း မပြုနိုင်သေးသကဲ့သို့ သမီးမိန်းကလေးများကိုလည်း စော်ကားသွားကြ၏။ ယင်းသို့ မတန်မတရား နှိပ်စက်စော်ကားခြင်းကို မခံနိုင်၍ ခုခံသော သားယောကျ်ားကလေးများကိုလည်း သတ်ဖြတ်ခဲ့ကြကုန်၏။ ထိုကဲ့သို့ ခံလိုက်ရသော အဘယ်မိန်းမသား တစ်ဦးသည် မရူးဘဲ၊ မနောက်ဘဲ ခံနိုင်အံ့နည်း။

ဇာတ်တော်လာ မပဋ္ဌာသည် ဘုရားရှင်နှင့် တွေ့ရသဖြင့် ကံကောင်း၏။ တရားရေအေး သောက်သုံးရသောကြောင့် အရူးမဘဝမှ လွတ်ကျွတ်သွား၏။ သို့ရာတွင် မြစ်တစ်ဖက်ကမ်းမှ ထိုမိန်းမတစ်ယောက်မူကား ပုဂံပျက်သော အချိန်ကာလမှစ၍ ယခုထက်တိုင် ဆောက်တည်ရာ မရ။ မြောက်ပြေး တောင်ကူးနှင့် အရူးမကြီးတစ်ယောက်နှင့်မခြား ပြေးလွှားနေရဆဲပင် ဖြစ်၏။ ငိုကြွေးမြည်တမ်းနေရဆဲလည်း ဖြစ်လေသည်တကား။

၄။

လရောင်ဖြင့် တောင်ထိပ်ပေါ်မှ ကျွန်တော်သည် ပြန်ဆင်းလာခဲ့ပြီးသော် ရရာကူးတို့ လှေငယ်တစ်စင်းဖြင့် မြစ်တစ်ဖက်ကမ်းသို့ ကူးလာခဲ့၏။ ရင်စည်းမျှပင် ကိုယ်၌ မကပ်နိုင်လောက်အောင် ဖြစ်နေရသော ထိုမိန်းမတစ်ယောက်ကို တွေ့ချင်မြင်ချင်ဇောဖြင့် ကျွန်တော်သည် အကာလ ညအချိန်၌မှာပင် မြစ်ရော၏ တစ်ဖက်

mgyoe.com

mgyoe.com SAMPLE BOOK

ကမ်းသို့ ဖြတ်ကူးလာခဲ့ခြင်း ဖြစ်၏။ တစ်ဖက်ကမ်းရှိ တောင်ထိပ်ပေါ်မှ တွေ့ရမြင်ရသော ထိုမိန်းမကို ကျွန်တော်သည် အနီးသို့ကပ်ကာ ကြည့်လို မြင်လိုစိတ်များ ရှိ၏။ အလားတူပင် အဝေးမှ ကြားရ နာရသော ထိုမိန်းမ၏ ငိုကြွေးမြည်တမ်းသံကိုလည်း အနီးမှ ကပ်ကာ ကြားလို နာလိုစိတ်များ ရှိ၏။

ညောင်ဦးကမ်းပါးသို့ ရောက်လျှင် မမောမပန်း ပြေးလွှားရင်ထုကာ ရှိုက်ကြီးတငင် ငိုကြွေးနေသော ထိုမိန်းမကို ကျွန်တော် လိုက်လံရှာဖွေမိ၏။ လရောင်ရှိသဖြင့် ပုဂံမြို့ဟောင်း၏ ကျောင်းဆိုး ကျောင်းပျက်ကြီး အရပ်တစ်နေရာတွင် ထိုမိန်းမကို ကျွန်တော် တွေ့ရ၏။ ထိုကျောင်းဆိုးနေရာသည် ပုဂံမင်းဆက်၏ နောက်ဆုံး မိဖုရားခေါင်ကြီး ဖွားစော ဆောက်လုပ် လှူဒါန်းခဲ့သည် ဆိုသော စောလှဝန်း ကျောင်းတိုက် နေရာဟောင်းပင် ထင်ရ၏။

ထိုမိန်းမမှာကား များစွာ အိုမင်းလျက် ရှိလေပြီ။

"ဘာကြောင့် ဆောက်တည်ရာ မရနိုင်လောက်အောင် ရင်ထု ငိုကြွေးနေရသနည်း အမိ၊ မြည်တမ်းနေရသနည်း အမိ" ဟု ကျွန်တော်သည် ကြင်ကြင်နာနာနှင့် ရိုရိုသေသေ ချဉ်းကပ် မေးမြန်းကြည့်လိုက်၏။

ကြင်နာခြင်းနှင့် ရိုသေခြင်းများနှင့် တွေ့ထိလိုက်ရသောကြောင့်လားမပြောတတ်။ ထိုမိန်းမသည် အငိုတိတ်သွား၏။

လမင်းသည် တထိန်ထိန်သာလျက် ရှိ၏။ လရောင်အောက်၌မူကား ပုဂံမြို့ပျက်ကြီးသည် တစပြင်နှင့်မခြား တိတ်ဆိတ် ငြိမ်သက်လျက်သာ ရှိလေ၏။

၅။

မုဆိုးမ အမယ်ကြီးအိုသည် သူ၏အသက် အနှစ် ၇၀၀ ကျော်ပြီဖြစ်ကြောင်း စတင်ပြောကြားလာသောအခါ ကျွန်တော့် ကျောတစ်ပြင်လုံး စိမ့်၍သွား၏။ တစ်ကိုယ်လုံးလည်း ကြက်သီးမွေးညင်းများ ထ၍သွား၏။ သို့ရာတွင် ထိုအမယ်အို၏ ဝတ္ထုဟောင်းနှင့် ပုံပြင်ကို ကြားနာခြင်းပြုရန်အတွက် သူပြောသမျှကို ကျွန်တော်သည် ငြိမ်သက်စွာပင် နားထောင်နေလိုက်၏။

အမယ်ကြီးအိုက သူနှင့် ကျွန်တော် ယခုရပ်နေကြသော အရပ်နေရာသည် တစ်ကြိမ်သောအခါက သူ ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းတိုက်နေရာ ဖြစ်ကြောင်း ထုတ်ဖော် ပြောဆိုလာသောအခါ ကျွန်တော်သည် ဘာဆိုလိုမှန်း ရုတ်တရက် နားမလည်နိုင်အောင် ရှိသွားရ၏။ သူသည်လည်း သာမန်မိန်းမစား တစ်ဦးတစ်ယောက် မဟုတ်ဘဲ ပုဂံမင်းဆက် နောက်ဆုံးဘုရင် ဖြစ်

mgyoe.com

mgyoe.com SAMPLE BOOK

သော နရသီဟပတေ့မင်းကြီး၏ မိဖုရားခေါင်ကြီး ဖြစ်ကြောင်းအထိ အနိုင်အမာ ပြောဆိုလာသောအခါ ကျွန်တော်သည် တွေဝေ၍ သွား၏။

ကျောင်းသားသူငယ် ဘဝနှင့်တုန်းက မြန်မာ့သမိုင်းကို မတောက်တခေါက် သင်ကြား လေ့လာခဲ့ရသဖြင့် "ဒါဖြင့် ကျွန်တော် ကောင်းကောင်း မရှင်းတာကလေး တစ်ချက်လောက်တော့ မေးစမ်းပါရစေလား အမိ" ဟု ကျွန်တော်သည် ကြားဖြတ်၍ မေးမြန်းခွင့် တောင်းလိုက်မိ၏။

"ဘာမရှင်းတာ ရှိလို့ ဘာများ မေးချင်သလဲဟင်"

အမယ်ကြီးအိုသည် လွယ်လင့်တကူ လိုက်လျောခြင်း ပြု၏။

"တခြားတော့ မဟုတ်ပါဘူး ခင်ဗျာ၊ အမိဟာ ဆိတ်ထိန်းကမ်းဖြူရွာက တောင်သူကြီးတစ်ယောက်ရဲ့ သမီး ဟုတ်၊ မဟုတ်နဲ့ ကျစွာမင်းကြီးရဲ့မြေးတော်များ ဖြစ်နေသလား ဆိုတာကို သိချင်လို့ပါ"

လမင်းကို မော့ကြည့်၍ နေရာမှ "ဒါတွေဟာ ဘာမှ အရေးကြီးတဲ့ အချက်အလက်နဲ့ အကြောင်းအရာတွေလဲ မဟုတ်ပါဘူးကွယ်။ မိစော ပြောချင်တဲ့ ပုဂံဝတ္ထု အကြောင်းကိုသာ နားထောင်စမ်းပါ သားရယ်" ဟု အမယ်အိုက ပြောဆိုသဖြင့် သူ့ကိုယ်သူ မိဖုရားခေါင်ကြီးစောဒေဝီ ဟု ဆိုနေသူ ပြောကြားသည့် ပုဂံရွှေပြည်၏ ဝတ္ထုဟောင်းကို နာကြားရန်အတွက် ကျွန်တော်သည် မိမိကိုယ်ကိုယ် ပြင်ဆင်ရ၏။

၆။

အဘွားစောသည် ရင်ထုခြင်း၊ ပြေးလွှားခြင်း၊ ငိုကြွေးခြင်းနှင့် မြည်တမ်းခြင်း ပြုရသော သူ၏ အလုပ်အကိုင်များကို တစ်ခါတည်း မေ့လျော့သွားပုံ ရ၏။ လူတို့သည် ကိုယ်၏ နာကြည်းချက်များနှင့် ကိုယ့်အကြောင်းကို မမောမပန်း ပြောပြနိုင်စွမ်း ရှိကြသည် မဟုတ်သလော။ ထိုသူ၏ ဘေးမှာသာ စိတ်ပါလက်ပါနှင့် စိတ်ရှည်လက်ရှည် နားထောင်ပေးဖို့ လို၏။

အဘွားစောသည် သူ၏ ပုဂံဝတ္ထုဟောင်းကို အစမှချီကာ စိတ်အားထက်သန်စွာ ပြောကြားခြင်း ပြု၏။ ကြားအိုးအံ့ ပုဂံတည် ဆိုသော စကားအတိုင်း ပုဂံမြို့သည် ပျူပြားမင်းမှ စတင်၏။ အမယ်အိုသည် အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူနှင့် နရပတိစည်သူ စသော မင်းမြတ်များ အကြောင်းကို မမောမပန်းနှင့် ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောကြားခြင်း ပြု၏။

mgyoe.com

mgyoe.com SAMPLE BOOK

ညသည် တစ်စထက်တစ်စ အိုမင်း၍ လာ၏။ လသည်ပင် မွန်းတိမ်းသွားခဲ့ပြီ ဖြစ်၏။ ထိုအချိန်လောက်တွင် အမယ်အိုသည် ကျစွာမင်းကြီး စီရင်ရေးသားသည် ဆိုသော ဗိန္ဒုကျမ်းနှစ်စောင် အကြောင်းကို ပြောကြားလျက် ရှိ၏။ ကျွန်တော်သည် ကျောင်းသားသူငယ် တစ်ဦးနှင့်မခြား ထိုအမယ်အို ပြောကြားလျက်ရှိသော ပုဂံဝတ္ထုပဟောင်းကို မညောင်းမညာ မငြီးမငွေ့ နားထောင်လျက် ရှိ၏။

လ တော်တော်ကလေး စောင်းလာသောအခါ အမယ်အိုသည် ဥဇနာမင်းအကြောင်းကို ပြော၏။ ထိုအကြောင်းကို ပြောသောအခါ ပုဂံဝတ္ထုဟောင်းအကြောင်းကို ပြောသည်နှင့် မတူ၊ သူ့အကြောင်းကို ပြောသကဲ့သို့ ရှိ၏။ ထို့ကြောင့် အသေးစိတ်လာ၏။ အကျယ်တဝင့် ပြောကြားခြင်း ပြု၏။ မည်သူမဆို ကိုယ့်အကြောင်းကိုယ် ပြောကြားရာ၌ အနုစိတ်တတ်သည် မဟုတ်သလော။

အမယ်အိုသည် ဖွားစောနှင့် ဥဇနာမင်းကြီးအကြောင်း ပြောကြားရင်း 'ရာဇသင်္ကြန် ပညာလျှံ ပုဂံပြည်လုံးကဲ' ဟူသော သတ်ပုံကျမ်းလာ စကားရှိသည့်အတိုင်း ပုဂံရွှေပြည်၏ ထင်ရှားကျော်ကြားသော အမတ်စစ်သူကြီး အကြောင်းကို တစ်စတစ်စ ပြောကြားလာ၏။ ထို့နောက် ဥဇနာမင်းကြီး၏ သားတော်ကြီး သီဟသူနှင့် ကိုယ်လုပ်တော်မှ မြင်သော သားတော်ငယ် မင်းခွေးချေးတို့၏ အကြောင်းများသို့ ရောက်ရှိလာ၏။ ထိုအဖြစ်အပျက်နှင့် အကြောင်းအရာများကို ပြောကြားရာ၌ အမယ်အိုသည် စိတ်ပါဝင်စားခြင်း ရှိ၏။ နောက်ဆုံး ပုဂံရွှေပြည်၏ ကြမ္မာကို မင်းဆိုးမင်းညစ်လက်ဝယ်သို့မရောက်ရှိရန် အမတ်စစ်သူကြီး ရာဇသင်္ကြန်၏ အကြံအစည်နှင့် အပြုအမူ အလုပ်အကိုင်များ အကြောင်းကို တစ်လုံးမကျန် ဖွင့်ဟ ပြောကြားခြင်း ပြုသွား၏။

အမယ်အိုသည် သက်ပြင်းကို ခပ်လေးလေး ချရင်း အမတ်စစ်သူကြီး၏ အကြံအစည်နှင့် အလုပ်အကိုင်များမှာ ဘာမျှ အရာမရောက်လှဘဲ မင်းဆိုး တစ်ယောက်ကို ဖယ်ရှားပြီး အခြား မင်းညစ်တစ်ဦး၏ လက်ဝယ်သို့ ပုဂံပြည်သူ၊ ပုဂံရွှေပြည်နှင့် ပုဂံမင်းဆက်များ၏ ကြမ္မာကို ထိုးအပ်ပေးခဲ့မိလျက်သား ဖြစ်ခဲ့ရပုံများကိုလည်း အသံတုန်တုန်ယင်ယင်နှင့် ပြောကြားသွား၏။ ထိုအကြောင်းအရာနှင့် အဖြစ်အပျက်များကို ပြောကြားခြင်း ပြုစဉ် အမယ်အို၏ မျက်လုံးအိမ်တွင် မျက်ရည်များ ရစ်ဝဲလျက် ရှိသည်ကို ကျွန်တော် သတိထားမိ၏။ ကြံစည်သော်လည်း ပျက်တတ်၍၊ မကြံစည်သော်လည်း ဖြစ်တတ်သော လောကတံထွာ အကြောင်းကို တရားမမွှနှင့် ယှဉ်၍ ပြောကြားလျက်ရှိစဉ် မျက်လုံးအိမ်၌ ရစ်ဝဲနေသော မျက်ရည်များသည် အမယ်အို၏ ပါးပြင်ပေါ်သို့ ချောင်းပေါက်၍ စီးဆင်း၏။

mgyoe.com

mgyoe.com SAMPLE BOOK



တန့်ကြည့်တောင်ထိပ်လောက်တွင် ငွေလမင်း မေးတင်သော အချိန်၌ ပုဂံရွှေပြည်သို့ တရုတ်သံအဖွဲ့ ရောက်ရှိလာသော အရေးအခင်းနှင့် အဖြစ်အပျက်များ အကြောင်းကို အမယ်အိုသည် အသံတုန်တုန်ယင်ယင်နှင့် ပြောကြားလျက် ရှိ၏။ နားထောင်၍ ကောင်းလှရကား ကျွန်တော်သည် အိပ်စက်ချင်စိတ် အနည်းငယ်မျှ မရှိ၊ စူးစိုက်နားထောင်လျက်သာ ရှိ၏။

တရုတ်သံများ မင်းကြီးရှေ့တော်၌ မကော်မရော် မခန့်မရည်း ပြုမူကြသည့်အတွက် သတ်မိန့် ထုတ်လိုက်သောအခါ ၄င်းအနေနှင့် ညလုံးပေါက် နရသီဟပတေ့မင်းကြီးကို တောင်းပန်တားမြစ်ရန် အားထုတ်ခဲ့ရပုံများကို အဘွားစောသည် ရှင်းလင်း ပြောကြားသွား၏။ သို့ရာတွင် မင်းညစ်တစ်ဦး ဖြစ်သူထံ၌ အကျိုးအကြောင်းနှင့် တောင်းပန်လျှောက်ထားခြင်း ပြုသော အမှုသည် ဘာမျှ အရာမထင်ခဲ့ကြောင်းကို လည်း ပြောကြား၏။

တန့်ကြည့်တောင်စွယ် တစ်ဖက်သို့ လမင်း လျှောဆင်းသွားသော အချိန်တွင် ပုဂံရွှေပြည်တော်သို့ တရုတ်စစ် ရောက်လာသော အဖြစ်အပျက်နှင့် အကြောင်းအရာများကို အမယ်အိုသည် ဆက်လက် ပြောကြားခြင်း ပြု၏။ တရုတ်စစ်နှင့်အတူ ပုဂံရွှေပြည်သို့ လိုက်ပါလာသော ကပ်ကြီးသုံးပါးကြောင့် ရဟန်းရှင်လူ ပြည်သူပြည်သားများ ဒုက္ခပင်လယ်ဝေခဲ့ကြရပုံများ အကြောင်းကိုလည်း အကျယ်တဝင့် ပြောကြား၏။ ထိုဒုက္ခပင်လယ်ပြင်ကျယ်၏ အကြောင်းကို ပြောကြားလျက်ရှိစဉ် အမယ်အို၏ ပါးပြင်၌ မျက်ရည်တို့သည် တာကျိုးသည့်အလား တဝေါဝေါ စီးဆင်းလျက် ရှိ၏။ လင်သေသော မယားနှင့် သားဆုံးသော အမိတို့ ရေတွက်ခြင်းငှာ မတတ်နိုင်လောက်အောင် ပေါများလှသည့် အကြောင်းကိုလည်း ရှိုက်ကြီးတငင် ပြောဆို၏။

အမယ်အို၏ ပုဂံဝတ္ထုကို ကျွန်တော် နားထောင်ကောင်းကောင်းနှင့် နားထောင်လျက် ရှိခိုက် ကျီးအာသံကို ရုတ်တရက် ကြားလိုက်ရ၏။ ယင်းသို့ ကျီးအာသံ ကြားလိုက်ရစဉ်မှာပင် အရှေ့ဘက်ကောင်းကင်ယံ၌ အရုဏ်လည်း တက်လာ၏။

တစပြင်အလား တိတ်ဆိတ်ငြိမ်သက်လျက် ရှိနေခဲ့ရာမှ ပုဂံမြို့ဆိုးမြို့ပျက်ကြီးသည် တဖြည်းဖြည်း လှုးလွန့်လှုပ်ရှားစ ပြုလာ၏။ ရွှေစည်းခုံ၊ အာနန္ဒာနှင့် သဗ္ဗညု အစရှိကုန်သော ဘုရားပုထိုးများမှ ဆည်းလည်းသံများလည်း အသစ်တစ်ဖန် ပြန်လည် အသက်ဝင်လာကြ၏။

mgyoe.com

mgyoe.com SAMPLE BOOK

အမယ်အိုသည် ပုဂံရွှေပြည်၏ ဝတ္ထုပြောင်းကို သူ့လင်မင်းကြီး အသတ်ခံလိုက်ရသော ပြည်ဆိပ်ကမ်းမှာပင် အဆုံးသတ်လိုက်၏။ တရုတ်စစ် ရောက်လာပြီးနောက် ပုဂံရွှေပြည် ပျက်စီးခြင်းနှင့်အတူ သူ့လင် ပျက်စီးခဲ့ရသော အကြောင်းအရာများကို ပြောဆို ပြီးစီးသွားသောအခါ တစပြင်ကဲ့သို့ ဖြစ်သွားရသော ပုဂံရွှေပြည်သည် မကြာမြင့်မီ အားမာန်အပြည့်နှင့် အသစ်တစ်ဖန် ပြန်လည်ပေါ်ထွန်းလာလိမ့်ဦးမည် ဖြစ်သကဲ့သို့ သူမသည်လည်း ယင်းပုဂံရွှေပြည်တော်သစ်၏ ပထမဦးဆုံး မိဖုရားခေါင်ကြီးတာဝန်ကို ထမ်းဆောင်ရန် ဖွဲ လုံ့လ ဝီရိယရှိရှိဖြင့် စောင့်ကြိုလျက် ရှိကြောင်းပါ ဖြည့်တင်း ပြောဆိုသွား၏။

ပြည်ဆိပ်ကမ်းတွင် ပုဂံရွှေပြည်၏ ဝတ္ထု ဆုံးခန်းတိုင်သောအခါ ကျွန်တော်သည် ထိုင်ရာမှ ထလိုက်၏။ တစ်ညတာလုံး ထိုင်ခဲ့ရသောကြောင့် တောင့်တင်းညောင်းညာလျက် ရှိသော ခါးကို ဆန့်လိုက်စဉ်မှာပင် အမယ်အို၏ ရင်ထုသံကို ရုတ်တရက် ကြားလိုက်ရပြန်၏။ ထို့နောက် သူ့ကိုယ်သူ အဖွားစောဟု ရည်ညွှန်းခြင်း ပြုခဲ့သော အမယ်အိုတစ်ယောက် ရှိုက်ကြီးတငင် ငိုကြွေး မြည်တမ်းရင်းညောင်ဦးကမ်းပါးဘက်ဆီသို့ ပြေးသွားပြန်သည်ကို ကျွန်တော်သည် မျက်စိတစ်ဆုံးငေးမော ကြည့်ရှုကာ တစ်ယောက်တည်း ကျန်ရစ်ခဲ့ရ၏။

၈။

သမိုင်းဆိုသည်ကား လွန်လေပြီးသော တစ်ချိန်က လူတို့၏ မသိမိုက်မဲမှုများနှင့် ယင်း မသိမိုက်မဲမှုများပေါ်တွင် အခြေခံကာ လူတို့ ကျူးလွန်ခဲ့ကြသော ရာဇဝတ်မှုခင်းကြီးများအပြင် ယင်း ရာဇဝတ်မှုခင်းများကြောင့် လူ့အနွယ်ဝင်များ ဒုက္ခပင်လယ်ဝေခဲ့ကြရသော အကြောင်းအရာနှင့် အဖြစ်အပျက် အရပ်ရပ်၏ အပေါင်းအစုမျှသာ ဖြစ်သည် ဆိုသော ပြင်သစ်သုခမိန် ဗော်တိုင်ရာ၏ ဖွင့်ဆိုချက်ကို ဟုတ်နိုင်၊ မဟုတ်နိုင် စံထိုးကြည့်ရှုရန်အတွက် ပုဂံရွှေပြည်ဝတ္ထုကို စမ်းသပ်ရေးသားလိုက်ခြင်းမျှသာ ဖြစ်ပါ၏။ ထို့ထက် နောက်ထပ် ဖြည့်စွက်ပြောကြားရန် စာရေးသူတွင် မရှိပေ။

တင်အောင်

၂.၃.၁၉၉၄

✦

mgyoe.com

mgyoe.com SAMPLE BOOK

## ၁။ ဆင်နှင့် မြင်း

(၁)

နှင်းများလည်း စဲနိုင်သည် မရှိ။ မိုးသီးမိုးပေါက်များအလား တဖြောက်ဖြောက် ကျဆင်းလျက် ရှိ၏။

အရုဏ်တက်ခဲ့သည်မှာလည်း ကာလအတန်ကြာသွားပြီ ဖြစ်၏။ သို့ရာတွင် နေခြည်သည် ထွက်ပြူ၍ မလာသေး။ နှင်းထုများအကြားတွင် နေဝန်းသည် ခေါင်းမပြူနိုင်၍ များလော။ သို့မဟုတ် ခေါင်းမပြူဝံ့၍ များလော။ ထို့ကြောင့် မျှော်ရှု၍ ဆုံးနိုင်ဖွယ်ရာ မရှိသော ဟင်းလင်းတစ်ပြင်လုံး အုံ့ပျရီမှောင်လျက် ရှိ၏။ မှိုင်းညို့ ဝပြောလျက် ရှိ၏။

နှင်းဆောင်းသော တောင်တန်းကြီးများနှင့် ရေခဲပြင်ကန္တာရကြီးများကို ကျော်လွှား ဖြတ်သန်းလာရဟန် ရှိသော မြောက်လေသည် တစ်ချက်တစ်ချက်တွင် ဝှေ့ယမ်းတိုက်ခတ်လာတတ်၏။ ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းပင် ဖြစ်၏။ ထိုအခါကာလများ၌ ပတ်ဝန်းကျင်တစ်ပိုက်တွင် နှင်းမုန်တိုင်းကြီးများ ဖိစီးကျရောက်လာပြန်၏။ နှင်းမုန်တိုင်း ကျလာတတ်သော အခါများတိုင်း တော်တော်နှင့် လျော့ပါးခြင်း မရှိတတ်။ နာရီပေါင်းများစွာ ကြာ၏။ အထူးသဖြင့် ညဘက်များတွင် ပို၍ ထန်ပြင်း၏။

ယင်းသို့ အအေးနှင့် အမှောင်၊ မြောက်လေရိုင်းနှင့် နှင်းမုန်တိုင်း အစရှိသော အနိဋ္ဌာရုံများ ကျက်စားရာ၊ ဖိစီးနှိပ်စက်ရာ အရပ်ပတ်ဝန်းကျင်တွင် နယ်

mgyoe.com

mgyoe.com SAMPLE BOOK

ရှစ်ခွင်သို့ မျှော်လိုက်တိုင်း မတ်စောက်မြင့်မားသော တောင်တန်းကြီးများကိုသာ တွေ့မြင်ရ၏။ ပေ ၇၀၀၀ နှင့် ၈၀၀၀ ခန့် အကြားလောက်တွင် ရှိလိမ့်မည်ဟု ခန့်မှန်းရ၏။ ယင်းတောင်တန်းကြီးများ တစ်လျှောက်တွင် သစ်တော၊ ဝါးတော ကြီးများသည် ထူထပ်စွာ ပေါက်ရောက် ဖုံးအုပ်လျက် ရှိ၏။ ယင်းသစ်တော၊ ဝါးတောကြီးများ အကြားတွင် ရေတံခွန်များ ထူပြောကာ ရေစီးကြမ်းသော မြစ်၊ ချောင်းများ ခုန်ပေါက် စီးဆင်းနေကြ၏။

ဤကဲ့သို့ ဝေးလံသီခေါင်သော အရပ်ဒေသနှင့် ပတ်ဝန်းကျင်များတွင် လူသံသူသံကို ကြားရဖို့ ဝေးစွ၊ လူရိပ်လူခြည်မျှပင် တွေ့ရမြင်ရဖို့ ခက်၏။ အလွန် ခေါင်သော၊ ရိုင်းသော အရပ်ဒေသပင် ဖြစ်၏။ တစ်ခါတစ်ခါ တောင်ဟီးသံနှင့် တစ်ချက်တစ်ချက် တောခြောက်သံများလောက်သာ ကြားရလေ့ရှိပြီး စမ်းရေတံခွန် များမှ ရေဆင်းသံ၊ ကျသံများကိုမူကား အခါမပြတ် ကြားရတတ်၏။ ညညဘက် များတွင်လည်း ကိုယ်စီကိုယ်င အစာရှာထွက်လေ့ ရှိကြသော သားရဲတောကောင် များ၏ ဟိန်းသံ၊ ဟောက်သံများ၊ ၄င်းတို့အချင်းချင်း တိုးမိကြ၍ ရန်လုပ်မာန်ဖီသံ များနှင့် ကိုက်ခဲသတ်ပုတ်သံများဖြင့် ညံစီနေတတ်၏။ ယင်းသို့ အရိုင်း၏ အသံဗလံ များမှတစ်ပါး ဤအရပ်ဒေသနှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် အခြား ဘာသံမျှ မကြားရ။ တောရိုင်း၊ တောင်ရိုင်းက လွဲ၍လည်း အခြား ဘာအရိပ်အယောင်မျှ မမြင်ရ။

အချိန်မှာ ဆောင်းဦးပေါက်ဖြစ်၍ ဥတုရာသီသည် များစွာ ဆိုးဝါး ပြင်းထန်လျက် ရှိ၏။ အအေးဓာတ်သည်သာ ဖိစီးပြီးရင်း ဖိစီးလျက်ရှိရာ ပြဒါး ချိန်သည် တစ်ခါတစ်ခါ ရေခဲမှတ်သို့ ကျဆင်းရောက်ရှိလုနီးနီးတွင် ဖြစ်၏။ ထို့ကြောင့် မေးခိုက်ခိုက်တုန်ကာ သွေးကြောများ ထုံကျဉ် ကိုက်ခဲလာလောက် အောင် ချမ်းအေး၏။ ရိုးတွင်းခြင်ဆီများ ခိုက်လောက်အောင်အထိ စိမ့်၍စိမ့်၍ အေး၏။

နေရာမှာမူကား တရုတ်-မြန်မာ နှစ်ပြည်ထောင်၏ အစပ်ဖြစ်သော တာပိန်ချောင်းဖျားရှိ ငဆောင်းချမ်း တစ်ဝိုက်တွင် ဖြစ်၏။

(၂)

ဆွမ်းခံပြန်ချိန်လောက်တွင် နှင်းမှုန်တိုင်း တစစ လျော့ပါးစပြု၏။ ထိုအခါ နေပွင့် လာ၏။ သို့ရာတွင် လွတ်လွတ်ကျွတ်ကျွတ်တော့ မဟုတ်သေး။ တဖွဲဖွဲ ကျနေဆဲ

mgyoe.com

နှင်းထုများ အကြားတွင် မြုပ်ချည်တစ်လှည့်၊ ပေါ်ချည်တစ်ခါနှင့်သာ ဖြစ်၏။ ထို့ကြောင့် နေခြည်သည် များစွာ အားနည်းလျက် ရှိ၏။

တရုတ်-မြန်မာ နှစ်ပြည်ထောင်တို့၏ အစပ်ရှိ မြန်မာတို့၏ နယ်ခြားစောင့် ကင်းစခန်းဖြစ်သော ငဆောင်းချမ်း ခံတပ်အတွင်းမှ တာပိန်ချောင်းဖျားဘက်ဆီသို့ လှမ်းမျှော်ကြည့်လိုက်မည် ဆိုလျှင် နန်းတင်ချိုင့်ဝှမ်းဘက်ရှိ လွင်ပြင်ငယ်ကို ခပ်ရေးရေးလောက်သာ တွေ့မြင်နိုင်ရာ၏။ သို့ရာတွင် နေဝန်းသည် နှင်းထုကြီးကို ရုန်းကန်ဖောက်ထွက်၍ အလင်းရောင် တစ်စထက်တစ်စ အားကောင်း၍ လာသည်နှင့်အမျှ ယင်းချိုင့်ဝှမ်းလွင်ပြင်ငယ်များ တစ်ဝိုက်တွင် အသက်ဝင် လှုပ်ရှားလျက် ရှိကြသော အရာဝတ္ထုများကို တစ်စထက်တစ်စ သဲသဲကွဲကွဲ တွေ့လာ မြင်လာရ၏။ ပီပီပြင်ပြင် ရှိသည်ထက် ရှိလာ၏။

ငဆောင်းချမ်းခံတပ်၏ တစ်ခုသော မျှော်စင်ထက်မှ မြန်မာကင်းတပ်ဖွဲ့ဝင်သုံးဦးတို့သည် နန်းတင်လွင်ပြင် တစ်ဝိုက်တွင် အသက်ဝင်လှုပ်ရှားလျက် ရှိသော အရာဝတ္ထုများကို စူးစိုက်ကြည့်ရှုလျက် ရှိကြ၏။ သူတို့တစ်တွေသည် ချမ်းရ စီးရမှန်း သိကြပုံမရ။ နှင်းများ တဖွဲဖွဲ ကျဆင်းနေသည့်အကြားမှပင် သူတို့၏ လုပ်ငန်းတာဝန်များကို ကြပ်ကြပ်မတ်မတ် ထမ်းဆောင်ကြ၏။ ကင်းတပ်ဖွဲ့ဝင် သုံးဦးအနက် တစ်ဦးမှာ တပ်မှူးငယ်ဖြစ်၍ ကျန်နှစ်ဦးမှာ အကြပ်နှင့် တပ်သားများ ဖြစ်ကြ၏။ မြန်မာကင်းတပ်ဖွဲ့ဝင်များတွင် ပြင်းထန်ဆိုးဝါးသော ဥတုရာသီကို ခုခံကာကွယ်ရန်အတွက် အနွေးထည်များ မရတတ်ကြစေကာမူ ရန်သူကို တွန်းလှန် ခုခံရန်အတွက်မူကား ဓား၊ လှံနှင့် လေးမြား စသော လက်နက်များကို စွဲမြဲ ကိုင်ဆောင်ထားကြ၏။ မကြာမကြာ ဖိစီးနှိပ်စက်လေ့ရှိသော အအေးဓာတ်နှင့် နှင်းမုန်တိုင်းများကို အရေးမထားဘဲ နန်းတင်လွင်ပြင် တစ်ဝိုက်တွင် နေရာယူတပ်စွဲထားပြီး ဖြစ်သော ရန်သူတပ်ဖွဲ့များ၏ အရပ်ရပ်လှုပ်ရှားမှုများကို သတိဝီရိယ ကြီးစွာဖြင့် အကဲခတ်နေကြပုံရ၏။ မျက်ခြည်မပြတ်စောင့်ကြပ် ကြည့်ရှုနေကြပုံလည်း ရ၏။ တကယ်ဆိုတော့ ငဆောင်းချမ်း တစ်ဝိုက်ရှိ မြန်မာ့လက်နက်ကိုင် တပ်ဖွဲ့များ၏ လုံခြုံမှုသည် ကင်းတပ်သားများ၏ လက်ဝယ်၌ ရှိနေသည် မဟုတ်သလော။ သူတို့သည် ကြီးလေးသော တာဝန်ကို ထမ်းဆောင်လျက် ရှိနေကြသူများပင် ဖြစ်၏။

ယင်းသို့ အလားတူပင် နန်းတင်လွင်ပြင်ထက်ရှိ တစ်ခုသော တောင်ကုန်းထက်မှ မြန်မာ မဟုတ်သော ကင်းတပ်ဖွဲ့ဝင်များသည်လည်း လက်နက်ကိုယ်စီ

mgyoe.com

mgyoe.com
SAMPLE BOOK


ကိုင်ဆောင်ကာ ငဆောင်းချမ်း ခံတပ်ဆီသို့ လှမ်းမျှော် ကြည့်ရှုလျက် ရှိကြ၏။ သူတို့၏ ဆန့်ကျင်ဘက်ဖြစ်သော ကင်းတပ်ဖွဲ့ဝင်များနှင့် မခြား သတိဝီရိယရှိစွာဖြင့် စောင့်ကြပ် အကဲခတ်နေကြပုံ ရ၏။ တကယ်ဆိုတော့ ငဆောင်းချမ်းခံတပ်မှ ကင်းတပ်ဖွဲ့ဝင်များနှင့် နန်းတင်လွင်ပြင်ဘက်မှ ကင်းတပ်ဖွဲ့ဝင်များသည် တစ်ဦးကို တစ်ဦး၊ တစ်ဖက်ကိုတစ်ဖက် အနည်းငယ်မျှ အလစ်မပေးကြဘဲ မျက်စိဒေါက်ထောက်ကာ စောင့်ကြပ်ကြည့်ရှုနေခြင်းမျှသာ ဖြစ်သည် မဟုတ်သလော။

အဘယ်နည်း။

ဤမျှ ဝေးလံသီခေါင်သော အရပ်နေရာနှင့် ဤမျှရာသီဥတု ထန်ပြင်းဆိုးဝါးသော အချိန်အခါတွင် မြန်မာနှင့် မြန်မာမဟုတ်သော လက်နက်ကိုင်တပ်ဖွဲ့များသည် အဘယ်သို့သော အကျိုးစီးပွား ဖွေရှာရန်အတွက် ယင်းသို့ စုရုံးရောက်ရှိနေကြသနည်း။ နှစ်ဖက်သော ကင်းတပ်ဖွဲ့ဝင်များသည် တစ်ဦးနှင့် တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် အနည်းငယ်မျှ အလစ်မပေးဘဲ ယင်းသို့ မျက်စိဒေါက်ထောက်ကာ သတိ ဝီရိယကြီးစွာဖြင့် စောင့်ကြပ် ကြည့်ရှုနေကြသနည်း။

ထိုအခိုက် မြောက်လေသည် ဝှေ့ယမ်းတိုက်ခတ်၍ လာပြန်၏။ ထုံးစံအတိုင်း ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်းပင် ဖြစ်၏။ ထိုအခါ တာပိန်ချောင်းဖျား တစ်ဝိုက်တွင် နှင်းမှုန်တိုင်း ကျရောက်လာပြန်၏။ ထို့ကြောင့် ခပ်စောစောက ထွက်ပြူစနေဝန်းသည်လည်း နောက်တွန့်သွားပြန်၏။ ယင်းသို့ နေဝန်း ပျောက်ကွယ်သွားသည်နှင့် တစ်ပြိုင်နက် ဟင်းလင်းပြင်တစ်ခုလုံး မှိုင်းပျရီမှောင်၍ သွား၏။ ထိုအခါ နှင်းများလည်း စဲနိုင်သည် မရှိ။ မိုးသီး မိုးပေါက်များအလား တဖြောက်ဖြောက်ကျဆင်း၍ လာပြန်၏။ ယင်းသို့ မြောက်လေ ဝှေ့ယမ်းသောင်းကျန်းလျက် နှင်းမုန်တိုင်းများ ကျနေစေကာမူလည်း နှစ်ဖက်သော ကင်းတပ်ဖွဲ့ဝင်များသည် သူတို့တာဝန်ကျရာ မျှော်စင်များမှ တစ်လက်မလောက်မျှ ရွေ့လျားခြင်း မရှိ။ ကြံ့ကြံ့ခံရပ်တည်လျက်သာ ရှိကြ၏။

(၃)

မြန်မာနှင့် တရုတ် နှစ်ပြည်ထောင်အစပ်တွင် တည်ဆောက်ထားသော ငဆောင်းချမ်းခံတပ်မြို့ကလေးသည် ယခင်ကာလများက အလွန်တရာ အေးချမ်း ငြိမ်သက်သော အရပ် ဖြစ်၏။ တာပိန်ချောင်းရိုး တစ်လျှောက်ရှိ ရှမ်းနှင့် ရှမ်း-တရုတ်ရွာ

mgyoe.com

m g y o e . c o m


ကလေးများလောက်ကို ထိန်းသိမ်း ကြပ်မတ်ရန်အတွက် နယ်ခြားစောင့်တပ်ဖွဲ့ ကလေး တစ်ဖွဲ့သာ ထားရှိသော ခံမြို့ကလေး တစ်မြို့မျှ ဖြစ်၏။ သို့ရာတွင် ယခု အခါ ထိုကဲ့သို့ မဟုတ်တော့ပေ။ အရပ်ရပ် အခြေအနေများ များစွာ ပြောင်းလဲလျက် ရှိလေပြီ။

မိုးကုန်ချိန်လောက်မှ အစပြုကာ ငဆောင်းချမ်းသည် တစ်စထက်တစ်စ အသက်ဝင်လှုပ်ရှားလျက် ရှိ၏။ စည်ကားလျက် ရှိ၏။ ရောဝတီမြစ် တစ်ဖက်ကမ်းရှိ ကင်းမြို့တစ်မြို့ ဖြစ်သော ကောင်းစင်းမှတစ်ဆင့် ဗန်းမော်ကို ဖြတ်ကာ မြန်မာ လက်နက်ကိုင်တပ်များကို မှန်မှန်ကြီး အင်အား ဖြည့်တင်းလျက်ရှိခဲ့ရာ ယခုအခါ ငဆောင်းချမ်းခံတပ်နှင့် အနီးအနားတစ်ဝိုက်ရှိ အချက်အချာကျသော တောင်တန်း၊ တောင်စွယ်များတွင် မြန်မာတို့၏ ဆင်တပ်၊ မြင်းတပ်နှင့် ခြေလျင်တပ်ဖွဲ့များသည် တစ်စထက်တစ်စ အင်အားကြီးမား ခိုင်ခံ့လာ၏။ အလုံးအရင်း ကောင်းလာ၏။ ယင်းသို့ ငဆောင်းချမ်းနှင့် ပတ်ဝန်းကျင်တစ်ဝိုက်တွင် အခိုင်အခံ့ တပ်စွဲလာသော မြန်မာလက်နက်ကိုင် တပ်ဖွဲ့များတွင် ပုဂံရွှေပြည်၏ အကျော်ကြားဆုံးဖြစ်သော ဆင်တပ်ကြီးသည် အလုံးအရင်းအကြီးဆုံးနှင့် အတောင့်တင်း အခိုင်အမာဆုံးပင် ဖြစ်၏။ မြန်မာတို့၏ ဆင်တပ်ကြီးတွင် တိုက်ပွဲအတွေ့အကြုံ ရင့်ကျက် များပြား သော တိုက်ဆင် ကောင်ရေ နှစ်ထောင်ခန့်မျှ ရှိ၏။ မြန်မာတို့၏ မြင်းတပ်ကြီး သည်လည်း အင်အားမသေးလှပေ။ မုတ္တမနှင့် မစ္ဆာဂီရိတိုက်ပွဲများတွင် ကျော်ကြား ခြင်း ရှိခဲ့သော တိုက်မြင်းကောင်ရေ ငါးထောင်ခန့်မျှ ပါရှိ၏။ ခြေလျင်တပ်ဖွဲ့များ ပါ အပါအဝင် ဆိုလျှင် မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များ၏ အရပ်ရပ် လူအင်အား သည် ၆၀,၀၀၀ ထက် နည်းလိမ့်မည် မဟုတ်ပေ။ ထိုအင်အားစုများထဲတွင် ထောက်ပံ့ရေးနှင့် သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်တင်တပ်ဖွဲ့နှင့် ရေတပ်များ မပါ သေးချေ။

ငဆောင်းချမ်း စစ်မျက်နှာတွင် တိုက်ဆင် ၂၀၀၀၊ တိုက်မြင်း ၅၀၀၀ နှင့် အရပ်ရပ် လက်နက်ကိုင်တပ်သား ၆၀,၀၀၀ ခန့်မျှ ပါရှိသော မြန်မာ့တပ်မတော်ကို တပ်မင်းကြီးများ ဖြစ်ကြသော အနန္တပစ္စည်းနှင့် ရန္တပစ္စည်းတို့ ညီနောင်နှစ်ဦးက ဦးစီးကွပ်ကဲလျက် ရှိကြ၏။ ယင်း မြန်မာတပ်မင်းကြီး နှစ်ဦးတို့သည် ပုဂံရွှေပြည် တွင် နှလုံးရည်အရရော၊ လက်ရုံးရည်အရပါ ကောင်းလှသည်ဟု ထင်ရှားကျော်ကြား ခဲ့သော ကွယ်လွန်သူ အမတ်စစ်သူကြီး ရာဇသင်္ကြန်၏ သားများလည်း ဖြစ်ကြ

m g y o e . c o m

၏။ ယင်းတို့သည် အုတ်လှကြီး၊ အုတ်လှငယ်များ ဘဝနှင့်တုန်းကတည်းက အဖ စစ်သူကြီးနှင့်အတူ အရပ်ရပ်စစ်ပွဲများတွင် တပ်မှူးငယ်များအဖြစ်ဖြင့် စွမ်းစွမ်းတမံ ပါဝင် တိုက်ခိုက်ခဲ့ကြဖူးသူများ ဖြစ်၏။ အုတ်လှငယ်မှုကား မဏ္ဍာဂီရိတိုက်ပွဲတွင် အရှင့်အမှုတော်ကို နေ့ညမသိ ဦးခွေးဆံမြည့် ထမ်းခဲ့သည့်အတွက် ကံကောင်း ထောက်မ၍ အသတ်မခံခဲ့ရသူ ဖြစ်သည် မဟုတ်သလော။ ယင်းသို့ အဖစစ်သူကြီး နှင့်အတူ တိုက်ပွဲ မြောက်မြားစွာ တိုက်ခိုက်ခဲ့ကြဖူးသူများ ဖြစ်သဖြင့် တိုက်ရည် ခိုက်ရည် ဝ,နေသော စစ်သားကောင်းကြီးများ ဖြစ်ကြ၏။ အထူးသဖြင့် သေနင် ဗျူဟာ ခေါင်းဆောင်မှုတွင်ရော၊ နည်းပရိယာယ်ရေး ခေါင်းဆောင်မှုများတွင်ပါ ထက်မြက် ရင့်ကျက်သော တပ်မှူးကြီးများ အဖြစ်ဖြင့် ထင်ရှားကျော်ကြား၏။ ယခုအခါ ငဆောင်းချမ်း စစ်မျက်နှာရှိ မြန်မာ့တပ်မတော်ကြီးကို ယင်းသို့ ထက်မြက် ရင့်ကျက်သော တပ်မင်းကြီး နှစ်ဦးတို့က ဦးစီးကွပ်ကဲလျက် ရှိကြ၏။

တာပိန်မြစ်ဝှမ်းရှိ ငဆောင်းချမ်းခံတပ်နှင့် ပတ်ဝန်းကျင်တစ်ဝိုက် အချက် အချာကျသော တောင်ကုန်း၊ တောင်စွယ်များတွင် တပ်မင်းအနန္တ ပစ္စည်းနှင့် ရန္တပစ္စည်း တို့နှစ်ဦး ဦးစီးကွပ်ကဲသော မြန်မာ့လက်နက်ကိုင်တပ်ဖွဲ့များ ကောင်းစွာ နေရာယူ တပ်စွဲလျက် ရှိကြသည့်နည်းတူ နန်းတင်လွင်ပြင်ငယ်နှင့် အနီးအနား တစ်ဝိုက်ရှိ တောစပ်နှင့် တောင်ကုန်းများတွင်လည်း အခြားတစ်ဖက်မှ လက်နက် ကိုင်တပ်ဖွဲ့ များသည် ကောင်းစွာ နေရာယူလျက် ရှိကြ၏။ ၎င်းတို့၏ လူသူ အင်အားနှင့် ရိက္ခာများကိုလည်း အဆက်မပြတ် ဖြည့်တင်းလျက် ရှိကြ၏။ ပြင်ဆင်လျက် ရှိ၏။ ယင်းသို့ လူသူမနီး တောကြီးမျက်မည်းထဲတွင် မြန်မာ့ လက်နက်ကိုင် တပ်ဖွဲ့များနှင့် အချိန်မရွေး တိုက်ခိုက်ခြင်းပြုရန် ထိပ်တိုက် ရင်ဆိုင် လျက်ရှိကြသော လက်နက်ကိုင်တပ်ဖွဲ့များမှာ အခြားမဟုတ်၊ များမကြာမီက တရုတ်အင်ပါယာကြီးကို တိုက်ခိုက်အောင်နိုင်ပြီးနောက် ဧကရာဇ်ဘွဲ့ခံကာ စိုးစံ လျက်ရှိသော ကူဗလိုင်ခန်၏ လက်နက်ကိုင်တပ်ဖွဲ့များပင် ဖြစ်၏။

ဧကရာဇ်ကူဗလိုင်ခန်၏ လက်နက်ကိုင်တပ်ဖွဲ့များကို ဦးစီးကွပ်ကဲသူ မှာ ယူနန်ပြည်နယ်ကို စောင့်ကြပ်ခြင်းပြုရသော မောင်းဂွတ်အမျိုးသား စစ် ဘုရင်ခံနှင့် တပ်မှူးကြီးတစ်ဦးဖြစ်သူ နာဆာအူဒင် ဖြစ်၏။ နာဆာအူဒင်သည် လည်း မြန်မာ့တပ်မင်းကြီးများ နည်းတူ မိုးကုန်ပိုင်းလောက်မှစ၍ ယူနန်ပြည်နယ် ယွန်ချင်းအရပ်မှ တစ်ဆင့် တာပိန်ချောင်းတစ်ဝိုက်တွင် မောင်းဂွတ် လက်နက်

mgyoe.com

m g y o e . c o m

SAMPLE BOOK


ကိုင်တပ်များကို မှန်မှန်ကြီး အင်အားဖြည့်တင်းလျက် ရှိသူဖြစ်၏။ သို့ရာတွင် မောင်းဂွတ်ကေရာဇ် ဘုရင် ကူဗလိုင်ခန်၏ လက်နက်ကိုင် တပ်ဖွဲ့များတွင် မြန်မာတို့ကဲ့သို့ ဆင်တပ်များ မပါရှိချေ။ မြင်းကုန်းနှီးများထက်တွင် အချိန်ကုန်လေ့ရှိသော လူမျိုးများသာ ဖြစ်ကြသည့်အလျောက် ၄င်းတို့၏ လက်နက်ကိုင် တပ်ဖွဲ့များတွင် မြင်းတပ်သည် အဓိကတပ်ဖွဲ့ ဖြစ်၏။ အမာခံလည်း ဖြစ်၏။ တာပိန်ချောင်းဖျား တစ်ဝိုက်တွင် တပ်စွဲထားသော တပ်မင်းကြီး နာဆာအူဒင်၏ အင်အားမှာ တိုက်မြင်း ၁၂,၀၀၀ ခန့်ရှိ၏။ မြင်းတပ်ဟုသာ ဆိုရသော်ငြားလည်း လေးမြားလောက်သာ မဟုတ်ဘဲ ဓားနှင့် လှံတိုများပါ စနစ်တကျ တပ်ဆင်ထားသော တပ်ဖွဲ့များ ဖြစ်ကြ၏။

မြန်မာတို့၏ ဆင်တပ်ကြီးသည် အာရှအရှေ့တောင်ပိုင်းတစ်ခွင် ထင်ရှားကျော်ကြားခြင်းရှိ၏။ ပုဂံရွှေပြည်၏ အိမ်နီးနားချင်းတိုင်းပြည်များနှင့် ထီးဆောင်းမင်းများအားလုံးလိုလိုက လေးစားခဲ့ညားကြရ၏။ အလားတူပင် ကူဗလိုင်ခန်၏ မြင်းတပ်ကြီးသည်လည်း စစ်ပွဲအတွေ့အကြုံ ကြွယ်ဝများပြားလှသည်နှင့်အမျှ တိုက်ရည်ခိုက်ရည် ကောင်းလှသည်ဟု ကျော်ကြားလျက် ရှိ၏။ ဥရောပအရှေ့ပိုင်း၊ အာရှအနောက်၊ အလယ်နှင့် အရှေ့ပိုင်း အရပ်ဒေသများတွင် တိုက်ပွဲပေါင်းမြောက်မြားစွာ ဆင်နွှဲ အောင်နိုင်ခဲ့ဖူးကြပြီ ဆို၏။ မြေထဲပင်လယ်နှင့် ပစိဖိတ်သမုဒ္ဒရာ အကြားရှိ ကုန်းမြေကြီးတစ်လွှားတွင် မောင်းဂွတ်မြင်းတပ်များ ခြေမချဖူးသော အရပ်နေရာမရှိဟုလည်း ဆိုကြ၏။ မောင်းဂွတ်မြင်းတပ်သားများသည် လေးမြားအတတ်၌သာ မဟုတ်၊ ဓားခုတ်လှံကိုင် အတတ်ပညာရပ်များတွင်ပါ သူမတူအောင် ကျွမ်းကျင်ကြ၏။ သူတို့သည် အချိန်အနည်းငယ်ခန့်အတွင်း ကျည်တောက်သုံး လေးခုနှင့် အပြည့်ဖြစ်သော မြားတံများကို မိုးရွာသွန်းချသလိုပင် လွှတ်လေ့ ရှိကြပြီး ရန်သူတပ်များ ဖရိုဖရဲနှင့် ပရမ်းပတာဖြစ်နေခိုက် မြင်းများကို ဇက်ကုန်လွှတ် စိုင်းနှင်ကာ ဓားနှင့် လှံတိုများကို လျင်မြန်ပေါ့ပါးစွာ အသုံးပြုတတ်ကြ၏။ ယင်းမောင်းဂွတ် မြင်းတပ်ကြီးကို ဦးစီးကွပ်ကဲလျက်ရှိသော တပ်မင်းကြီး နာဆာအူဒင်မှာလည်း အပြောကျယ်လှသော ခန်းမင်းဆက် အင်ပါယာကို တိုးချဲ့ခဲ့ကြရာတွင် များစွာ ထင်ရှားကျော်ကြားခဲ့သော စစ်သားကြီးတစ်ဦး ဖြစ်သည်ဆို၏။ သူသည် ကူဗလိုင်ခန်၏ ဘိုးအေဖြစ်သူ ဂျင်ဂစ်ခန် လက်ထက်မှ အစပြုကာ သာမန်တပ်သား တစ်ဦးအဖြစ်ဖြင့် အမှုထမ်းခဲ့ရာမှ ယခုကဲ့သို့ ခန်းမင်းဆက်၏

m g y o e . c o m

mgyoe.com

SAMPLE BOOK


စိတ်ချယုံကြည်ခြင်းနှင့် လွဲအပ်ခြင်းခံရသော စစ်ဘုရင်ခံနှင့် တပ်မင်းကြီးတစ်ဦး ဖြစ်လာရသည် ဆိုကြ၏။

မည်သို့ပင်ဖြစ်စေ ယခုအခါ ဥတုရာသီ ထန်ပြင်းလျက် ဝေးလံသီခေါင်၍ သစ်တော၊ ဝါးတောကြီးများ ထူထပ်လှသော တာပိန်ချောင်းဖျား တစ်ပိုက်တွင် ကေရာဇ်ဘုရင် ကူဗလိုင်ခန်၏ မြင်းတပ်ကြီးနှင့် ပုဂံရွှေနန်းရှင် နရသီဟပတေ့ ဘုရင်၏ ဆင်တပ်ကြီးများသည် တစ်ဖက်နှင့်တစ်ဖက် ရင်ဆိုင်လျက် ရှိနေကြပြီ ကား ဖြစ်၏။ ကိုယ့်ဟာနှင့်ကိုယ် အသင့်နေရာယူထားကြပြီလည်း ဖြစ်၏။ ကျော်ကြားလှသော မောင်းဂွတ်မြင်းတပ်ကြီးကို ခန်းမင်းဆက်၏ လက်ရုံးဖြစ် သော စစ်သူကြီး နာဆာအူဒင်က ဦးစီးအုပ်ချုပ်၍ ဆင်တပ်အမှူးပြုသော မြန်မာ့ လက်နက်ကိုင်တပ်ဖွဲ့များကို တပ်မင်းညီနောင်များ ဖြစ်ကြသော ပုဂံစစ်သူကြီး အနန္တပစ္စည်းနှင့် ရန္တပစ္စည်းတို့က ဦးစီးကွပ်ကဲလျက် ရှိကြ၏။ ယင်းသို့ နှစ်ပြည် ထောင်အစပ် ဖြစ်သော ဆောင်းချမ်းတစ်ပိုက်တွင် နှစ်ဖက်တပ်များ ထိပ်တိုက် တိုးမိကြလျှင် တိုးမိကြချင်း တစ်ဖက်နှင့်တစ်ဖက် ရုတ်ခြည်းတိုက်ခိုက်ခြင်း မပြု ကြချေ။ နှစ်ဖက်မှ တပ်မှူးကြီးများသည် အရပ်ရပ် အခြေအနေများကို ချိန်ဆ တွက်ချက်နေကြဟန် တူ၏။ အထူးသဖြင့် တစ်ဦးအပေါ် တစ်ဦးက လက်ဦးမှု ရရှိရေးအတွက် စစ်ပရိယာယ် ဆင်နေကြပုံလည်း ရ၏။ သို့ရာတွင် အမှန်ကို အဘယ်သူ သိရှိနိုင်သနည်း။ မည်သို့ပင်ဖြစ်စေ မိမိတို့နှင့် သက်ဆိုင်ရာ တပ်မင်း၊ တပ်ဗိုလ်များ၏ အမိန့်ကို ရရှိကြသည်နှင့် တစ်ပြိုင်နက် တစ်ဖက်နှင့် တစ်ဖက် စီးနင်း တိုက်ခိုက်ရန်အတွက် နှစ်ဖက်သော လက်နက်ကိုင် တပ်ဖွဲ့များသည် အသင့် အနေအထားများတွင် ရှိနေကြပြီကား ဖြစ်၏။ မောင်းဂွတ် တပ်သားများသည် ကျည်တောက်များဖြင့် အပြည့် မြားများကို ချွန်ထားကြသကဲ့သို့ မြန်မာတပ်သား များကလည်း မြည့်နေအောင် သွေးထားသော ဓားများကို ဓားအိမ်များ အတွင်းမှ ဆွဲထုတ်ရန် အဆင်သင့် ဖြစ်နေကြလေပြီ။

(၄)

အဘယ်နည်း။

မိုင်ရာပေါင်းများစွာ ဝေးကွာလှသော ပုဂံနေပြည်တော်မှ မြစ်ချောင်း၊ တောတောင်များကို အထပ်ထပ် အတန်တန် ဖြတ်ကျော်ကာ မြန်မာ့လက်နက်

mgyoe.com

m g y o e . c o m

SAMPLE BOOK


ကိုင် တပ်ဖွဲ့များသည် တရုတ်-မြန်မာ နှစ်ပြည်ထောင်အစပ်ဖြစ်သော ငဆောင်းချမ်းအရပ်သို့ ဤမျှကြီးမားသော အလုံးအရင်းဖြင့် အဘယ့်အတွက် ရောက်ရှိစုရုံးနေကြရသနည်း။ အလားတူပင် မိုင်ထောင်နှင့်ချီ၍ ဝေးလံသော ခန်းမင်းကြီး စိုးစံရာ ပီကင်းနေပြည်တော်မှ မြစ်ချောင်း၊ တောတောင်များကို အထပ်ထပ် အတန်တန် ဖြတ်ကျော်ကာ မောင်းဂွတ် လက်နက်ကိုင်တပ်ဖွဲ့များသည်လည်း ဤမျှကြီးမားသော အလုံးအရင်းဖြင့် ဤအရပ် နေရာသို့ အဘယ့်အတွက် ရောက်ရှိစုရုံးနေကြရသနည်း။ မြန်မာတို့၏ ဆင်တပ်ကြီးနှင့် မောင်းဂွတ်တို့၏ မြင်းတပ်ကြီးများသည် တာပိန်ချောင်းဖျား တစ်ဝိုက်တွင် အဘယ့်ကြောင့် ရင်ဆိုင်နေကြရသနည်း။ နှစ်ဖက်မှ တပ်မင်းကြီးများသည် တစ်ဦးကို တစ်ဦးနှင့် တစ်ဖက်ကို တစ်ဖက်က လက်ဦးမှု ရရှိရေးနှင့် အဓိုက်ဖမ်းရေးအတွက် အဘယ့်ကြောင့် စစ်ပရိယာယ် ဆင်နေကြရသနည်း။ စစ်ကစားနေကြရသနည်း။

တရုတ်နှင့် မြန်မာ နှစ်ပြည်ထောင်တို့သည် နှစ်နိုင်ငံနယ်နိမိတ်ချင်း မိုင်ပေါင်းများစွာ စပ်နေသော အိမ်နီးချင်းတိုင်းပြည်များ ဖြစ်ကြ၏။ ထို့ကြောင့် မိုင်ထောင်နှင့်ချီသော ယင်းနယ်နိမိတ်မျဉ်းကြောင်း တစ်လျှောက်တွင် မကြာမကြာ ပြဿနာများ ပေါ်ပေါက်လေ့ ရှိသည်မှာ အရေးတကြီးနှင့် အဆန်းတကြယ်ကိစ္စများတော့ကား မဟုတ်ပေ။ အခါအားလျော်စွာ ပေါ်ပေါက်ဖြစ်ပွားတတ်သော အရေးအခင်းမျှသာ ဖြစ်၏။ ဖြစ်ရိုးဖြစ်စဉ်ကိစ္စမျိုးသာ ဖြစ်၏။ ထိုသို့ မကြာမကြာ ဖြစ်ပွား ပေါ်ပေါက်လာတတ်သော နယ်စပ်အရေးအခင်းနှင့် ပြဿနာများကို နှစ်နိုင်ငံအစပ်တွင် တာဝန်စောင့်ကြပ်ရသော နှစ်ဖက်အာဏာပိုင်များ တစ်ဖက်နှင့် တစ်ဖက် တွေ့ဆုံဖြေရှင်း၍ ပြီးစီးနိုင်သော ကိစ္စများသာ ဖြစ်၏။

နှစ်များမကြာမီလောက်က တရုတ်နိုင်ငံတွင် မင်းဆက်အပြောင်းအလဲများ ဖြစ်ပွား ပေါ်ပေါက်ခဲ့၏။ ယင်းနိုင်ငံရေး၏ အကျိုးဆက်အနေနှင့် တရုတ်-မြန်မာ နှစ်နိုင်ငံ၊ အထူးသဖြင့် ယူနန်-မြန်မာ အစပ်တွင် နယ်စပ်ကျူးလွန်မှု အရေးအခင်း အများအပြား ဖြစ်ပွားခဲ့၏။ အချို့သော အရေးအခင်းများသည် ကြီးမားလှကား နှစ်ဖက် နယ်ခြားစောင့်တပ်များအကြား လက်နက်ကိုင် ပဋိပက္ခများ အထိပင် ပြင်းထန် ဖြစ်ပွားခဲ့၏။ သို့ရာတွင် ယခုကဲ့သို့ အလုံးအရင်း ကြီးကြီးမားမားနှင့်ကား မဟုတ်ပေ။ ၎င်းအပြင် နိုင်ငံရေးပြဿနာကြီးများလည်း မဟုတ်ရကား နှစ်နိုင်ငံ နယ်ခြား၏ လုံခြုံမှုအတွက် တာဝန်ယူ စောင့်ကြပ်ရသော အာဏာပိုင်

m g y o e . c o m

mgyoe.com SAMPLE BOOK

များလောက် တွေ့ဆုံဖြေရှင်း၍ ငြိမ်းချမ်းအေးချမ်းနိုင်ခဲ့ကြ၏။ အရပ်ရပ် အခြေအနေများကို ထိန်းသိမ်းနိုင်ခဲ့ကြ၏။

ယခုကဲ့သို့ ဝေဆောင်းချမ်း တစ်ဝိုက်တွင် နှစ်ဖက် လက်နက်ကိုင်တပ်များ အလုံးအရင်းနှင့် ရင်ဆိုင်ခြင်းမပြုမီ လအနည်းငယ်ခန့်လောက်က ယူနန်နယ်ထဲတွင် နှစ်ဖက်တပ်များ လက်နက်ကိုင်တိုက်ပွဲများပင် ဖြစ်ပွားခဲ့သေး၏။ တာပိန်မြစ်ဝှမ်းဘက်ရှိ ကောင်းငယ်နယ်မှ အကြီးအကဲစော်ဘွားသည် မြန်မာဘုရင်ကို ထောင်ထားခြားနားသဖြင့် မြန်မာလက်နက်ကိုင်တပ်များက သွားရောက်ဖမ်းဆီး၏။ ထိုအခါ ကောင်းငယ်စော်ဘွားသည် မြန်မာတပ်များကို ရင်ဆိုင်ခုခံခြင်းငှာ မတတ်နိုင်သဖြင့် ယူနန်နယ်ထဲသို့ ထွက်ပြေးတိမ်းရှောင်သွား၏။ ထိုအခါ ကောင်းငယ်စော်ဘွားကို ဖမ်းဆီးရန် လိုက်လာသော မြန်မာတပ်ဖွဲ့နှင့် ယူနန် နယ်ခြားစောင့် တပ်ဖွဲ့များ တိုက်ပွဲဖြစ်ပွားခဲ့၏။ သို့ရာတွင် ယင်းပြဿနာကို နေပြည်တော်အရောက်မခံဘဲ နှစ်နိုင်ငံနယ်ခြားစောင့် အာဏာပိုင်များသည် ၎င်းတို့အချင်းချင်း တွေ့ဆုံ ဖြေရှင်းနိုင်ခဲ့ကြ၏။

ယင်းသို့ မကြာမကြာ ဖြစ်ပွားပေါ်ပေါက်တတ်သော နှစ်နိုင်ငံ နယ်စပ်ပြဿနာနှင့် အရေးအခင်းများကို ယခင်ကာလများက နှစ်နိုင်ငံနယ်ခြားစောင့် အာဏာပိုင်များ အချင်းချင်း တွေ့ဆုံဖြေရှင်းခြင်း ပြုနိုင်ခဲ့ကြသော်လည်း ယခုအရေးအခင်းနှင့် ပြဿနာမှာမူကား ယခင်ကကဲ့သို့ နယ်စပ်အရေးအခင်းနှင့် ပြဿနာမျိုး မဟုတ်တော့ပေ။ အလွန်တရာ ကြီးမားလေးနက်သော နိုင်ငံ့အရေးအခင်းနှင့် ပြဿနာကြီးတစ်ရပ် ဖြစ်လာခဲ့လေပြီ။ ယင်းနိုင်ငံရေးပြဿနာကြီးကိုလည်း နှစ်ပြည်ထောင်အစိုးရ အချင်းချင်း နိုင်ငံရေးအရ ဖြေရှင်းခြင်း မပြုနိုင်တော့၍ ယခုကဲ့သို့ လက်နက်ကိုင်ဖြေရှင်းခြင်း ပြုရန်အတွက် နှစ်ပြည်ထောင်အစပ်တွင် နှစ်ဖက်လက်နက်ကိုင်တပ်ဖွဲ့များ အလုံးအရင်း ကြီးကြီးမားမားနှင့် စုစည်းရောက်ရှိနေကြခြင်းပင် ဖြစ်၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ၂။ ခန်းမင်းကြီး၏ မျက်စောင်း

(၁)

ကမ္ဘာ့သမိုင်း၏ ၁၃ ရာစုနှစ်များ ကာလပိုင်းကို မောင်းဂွတ်ရာစု ဟူ၍ အချို့သော သမိုင်းပညာရှင်များက ရည်ညွှန်းလေ့ ရှိတတ်ကြ၏။ အဘယ့်ကြောင့်ဆိုသော် ယင်းရာစုနှစ်များအတွင်း မောင်းဂွတ်လူမျိုးများသည် ဥရောပနှင့် အာရှတိုက်ကြီး နှစ်တိုက်စလုံးကို ချောက်ချောက်ချားချားဖြစ်ကာ ပြားပြားဝပ်သွားရလောက်အောင် အရှိန်အဟုန်ပြင်းပြင်းနှင့် ပေါက်ကွဲ လျှံထွက်ခဲ့ကြသောကြောင့် ဖြစ်သည် ဆို၏။ အင်အား ကြီးမားပြင်းထန်သော မုန်တိုင်းကြီး ကျရောက်မွှေနှောက်သည်နှင့်မခြား၊ စိစိညက်ညက် ကျေသွားရလောက်အောင် ယင်းတိုက်ကြီး နှစ်တိုက်စလုံးကို မွှေနှောက် သောင်းကျန်းသွားခဲ့ကြသောကြောင့်လည်း ဖြစ်သည်ဆို၏။

၁၃ ရာစုနှစ်များမတိုင်မီ သမိုင်းကာလပိုင်းများအထိ မောင်းဂွတ်လူမျိုးများသည် 'အရိုင်းအစိုင်းများ' အဖြစ်ဖြင့် သဘောထား စာရင်းအသွင်းခံခဲ့ကြရသော လူမျိုးတစ်မျိုးမျှသာ ဖြစ်၏။ တိုးတက်ဖွံ့ဖြိုး၍ ယဉ်ကျေးသော လူ့အစည်းအရုံးတိုင်းတွင် စိုက်ပျိုးရေးကုန်ထုတ်လုပ်ငန်း ရှိကြ၏။ သို့ရာတွင် မောင်းဂွတ်တို့တွင် စိုက်ပျိုးရေးလုပ်ငန်း မရှိ၊ သွေးစပ်ရာ ဆွေစုမျိုးစုကလေးများအလိုက် အစုစုအသင်းသင်း ကွဲပြားကာ အာရှတိုက်အလယ်ပိုင်း မြက်ခင်းပြင်များတွင် မိမိတို့၏

mgyoe.com

mgyoe.com

သိုးအုပ်၊ ဆိတ်အုပ်များဖြင့် ရေကြည်ရာ မြက်နုရာ အရပ်နေရာများ ရှာဖွေရင်း ခြေသလုံးအိမ်တိုင် ပြုကာ လှည့်လည်နေထိုင်လေ့ ရှိကြသော ရှေးဟောင်းလူမျိုးများသာ ဖြစ်၏။ မြင်းကုန်းနှီးထက်တွင် အချိန်ကုန်လွန်သည်က များသော သိုးကျောင်းသား၊ ဆိတ်ကျောင်းသားများသာ ဖြစ်ကြ၏။ ယင်းသို့ အတည်တကျ အခြေချ နေထိုင်ခြင်း မရှိသဖြင့် ၎င်းတို့တွင် ရွာမရှိ၊ မြို့မရှိ၊ တိုင်းပြည်နှင့် အစိုးရလည်း မရှိ၊ လူမျိုးတစ်မျိုး ဟူ၍ သတ်မှတ်ရလောက်အောင် မောင်းဂွတ်တို့တွင် တူညီသော ဘာသာစကားနှင့် ဝတ်ပြုကိုးကွယ်မှုများမှတစ်ပါး အခြား ဘာမျှမရှိ။ မရှိဆိုရာ၌ လူမျိုးတစ်မျိုးအနေနှင့် စာပေပင် မရှိ။ အာရပ်နှင့် တရုတ်ရာဇဝင်ဆရာကြီးများက မောင်းဂွတ်တို့ကို ရေချိုးရကောင်းမှန်းပင် မသိတတ်သော အရိုင်းအစိုင်းများအနေနှင့် ရည်ညွှန်း ဖော်ပြခဲ့ကြသည်အထိ ဖြစ်၏။ ၎င်းတို့လောက် သန့်ရှင်းယဉ်ကျေးသောသူများ မရှိဟု အထင်ရောက်နေခဲ့ကြသော စိန့်တိုင်းကြီးရှင် တရုတ်ဧကရာဇ်ဘုရင်များသည် ယင်းအရိုင်းအစိုင်းများနှင့် အဆက်အဆံ မပြုလုပ်လိုကြသဖြင့် မိုင်ထောင်နှင့်ချီသော မဟာတံတိုင်းကြီးကိုပင် တည်ဆောက်ခဲ့ကြသည် ဆို၏။ စိန့်တိုင်းကြီးရှင်များနှင့် ခေတ်ပြိုင်ဖြစ်သော အာရှအနောက်ပိုင်းဒေသ အာရပ်လူ့အစည်းအရုံးများက ကလိ(ဖ်)နှင့် စူ(လ်)တန်များကလည်း ယင်းတို့ကို အညစ်အကြေးများအဖြစ်ဖြင့် ရှောင်ကွင်းခဲ့ကြသလို ဥရောပလူယဉ်ကျေးများကလည်း အလားတူ သဘောထားခဲ့ကြသည် မဟုတ်သလော။

သို့ရာတွင် ယင်းသို့ တရုတ်၊ အာရပ်နှင့် ဥရောပ လူယဉ်ကျေးများ၏ ဝိုင်းပယ်ခြင်းခံခဲ့ရသော အရိုင်းအစိုင်းနှင့် အညစ်အကြေးများသည် ၁၃ ရာစုနှစ်များ ဆန်းလျှင်ပင် နေ့တွင်းချင်း ညတွင်းချင်း ဆိုသလို လူမျိုးတစ်မျိုး အနေနှင့် စည်းလုံး ညီညွတ်ခဲ့ကြပြီးနောက် အာရှနှင့် ဥရောပတိုက်ကြီး နှစ်တိုက်စလုံးကို နှစ်ကာလ အနည်းငယ်ခန့်မျှအတွင်း သွေးပျက်ခဲ့ရလောက်အောင် ခြိမ်းခြောက်မွှေနှောက်ပစ်လိုက်ကြ၏။ မောင်းဂွတ်တို့၏ အကြီးအကဲများ ဖြစ်ကြသော ခန်းမင်းဆက်ဘုရင်များ၏ တန်ခိုးအာဏာစက်သည် ဥရောပအလယ်ပိုင်းမှ ပစိဖိတ်သမုဒ္ဒရာကမ်းခြေအထိ စူးရှပျံ့နှံ့ခဲ့၏။ ဥရောပအလယ်ပိုင်းနှင့် အရှေ့ပိုင်းရှိ ထီးဆောင်းမင်းအပေါင်းကို ထိပ်ပုတ် ခေါင်းပုတ်ခဲ့ကြရုံမျှသာမက ကြီးကျယ်ခမ်းနား၍ အပြောကျယ်လှသည် ဆိုသော တရုတ်နှင့် အာရပ်အင်ပါယာကြီးများကိုပါ ခန်းမင်းဆက်ဘုရင်များနှင့် ၎င်းတို့၏ စစ်ဘုရင်ခံများ၊ စစ်သူကြီးများသည်

mgyoe.com

 mgyobe.com SAMPLE BOOK 

ခြေတော်တင်ခဲ့ကြသည် မဟုတ်သလော။ ဥရောပတိုက်တစ်လွှား ဩဇာတိက္ကမနှင့် တန်ခိုးအာဏာ ကြီးလှသည် ဆိုကြသော ဒုတိယမြောက် ဖရက်ဒရစ်နှင့် ပုပ်ရဟန်းမင်းများပင် ပြားပြားဝပ်ခဲ့ကြရ၏။ ဥရောပအနောက်ပိုင်း အိန္ဒိယတိုက်ငယ်နှင့် ဂျပန်ကျွန်းများသည် ကံကောင်း ထောက်မခဲ့ကြ၍သာလျှင် ချမ်းသာရာ ရခဲ့ကြခြင်း ဖြစ်သည် ဆို၏။ ကျန်ထီးဆောင်းဘုရင်များအနက် အဘယ် ရွှေနန်းရှင် တစ်ပါးသည် ခန်းမင်းဆက်များကို သမီးကညာ သော်လည်းကောင်း၊ လက်ဆောင်ပဏ္ဏာ သော်လည်းကောင်း မဆက်သွင်းဘဲ နေနိုင်ခဲ့သနည်း။ အဘယ်တိုင်းပြည်နှင့် အင်ပါယာများသည် မောင်းဂွတ်မြင်းခွာနှင့် ကင်းလွတ်ခဲ့သနည်း။ ကမ္ဘာ့ အိမ်ခေါင်မိုးဟု တင်စား ရည်ညွှန်းခြင်းခံရသော တိဗက်ပင်လျှင် ချမ်းသာခွင့် မရခဲ့။ ပင်လယ်နက်နှင့် ပစိဖိတ်သမုဒ္ဒရာ အကြားရှိ ကုန်းမြေကြီးတစ်လွှားတွင် သူတို့မြင်းခွာများ ငြိစွန်း တိုက်ခိုက်မိရန် ခလုတ်တံသင်းနှင့် ဆူးငြောင့်များ မရှိဟု မောင်းဂွတ်စစ်သူကြီးများသည် မကြာမကြာ ပြောဆိုတတ်ကြ၏။ ထိုစကားသည် ကြွားဝါသော စကား မဟုတ်ချေ။ ထို့ကြောင့်လည်း ကမ္ဘာ့သမိုင်း၏ ၁၃ ရာစုနှစ်များ ကာလပိုင်းကို မောင်းဂွတ်ရာစု ဟူ၍ အချို့သော သမိုင်းပညာရှင်များက ရည်ညွှန်းလေ့ ရှိကြခြင်း ဖြစ်ရာ၏။

(၂)

ဤကဲ့သို့ ရာစုနှစ်ပေါင်းများစွာ အရိုင်းအစိုင်းများအဖြစ်ဖြင့် သဘောထား ဝိုင်းပယ်ခြင်း ခံနေခဲ့ကြရသော မောင်းဂွတ်များသည် ၁၃ ရာစုနှစ်များအဆန်းတွင် ရုတ်တရက် အသက်ဝင်လှုပ်ရှားလာကြ၏။ တရုတ်တို့၏ ယဉ်ကျေးမှုအရ ကျားသစ်နှစ်ဟု ခေါ်ဝေါ်သော နှစ်ပိုင်းများအတွင်း အာရှမြောက်ခင်းပြင်ရှိ အိုနန်မြစ်ဝှမ်းတွင် မောင်းဂွတ်မျိုးနွယ်စုများ၏ အကြီးအကဲများသည် ညီလာခံတစ်ရပ် ကျင်းပကြ၏။ ယင်းညီလာခံက တေမူဂျင် အမည်ရှိသော မောင်းဂွတ်လူမျိုးစု တစ်စု၏ အကြီးအကဲ တစ်ဦးကို ဂျင်ဂစ်ခန် ဟူသော ဘွဲ့မည်နာမဖြင့် မောင်းဂွတ်လူမျိုးအားလုံး၏ ခန်းမင်းကြီး အဖြစ်ဖြင့် တညီတညွတ်တည်း ရွေးချယ် တင်မြှောက်လိုက်ကြ၏။ ယင်းသို့ ခန်းမင်းကြီးအဖြစ်ဖြင့် ရွေးချယ် တင်မြှောက်ခြင်းခံရသော အချိန်တွင် ဂျင်ဂစ်ခန်သည် ငယ်ရွယ်သူတစ်ဦးကား မဟုတ်တော့။ အသက် ၅၀ ကျော်လွန်ခဲ့ပေပြီ။ သို့ရာတွင် တရုတ်၊ အာရပ်နှင့် ဥရောပတိုက်သားများ၏ ဝိုင်းပယ်ထားခြင်း ခံခဲ့ရ

mgyobe.com

mgyoe.com
SAMPLE BOOK


သောကြောင့် ယင်းလူယဉ်ကျေးများအပေါ် များစွာနာကြည်းနေသော လူတစ်ယောက်ဖြစ်ပုံရ၏။

မောင်ဂွတ်လူမျိုးအပေါင်း၏ အကြီးအကဲ ဖြစ်လာလျှင်လာချင်း ဂျင်ဂစ်ခန်သည် မြင်းကုန်းနှီးထက်တွင် ကောင်းစွာ ကျင့်သားရထားပြီးဖြစ်သော ၄င်း၏ လူမျိုးများကို နှစ်ကာလ အနည်းငယ်ခန့်အတွင်း မြင်းတပ်သားကောင်းများအဖြစ်ဖြင့် ထူထောင်ဖန်တီးလိုက်၏။ ဓားခုတ်၊ လှံထိုးနှင့် လေးမြားအတတ်များကိုလည်း အပူတပြင်း လေ့ကျင့်ပေး၏။ ယင်းသို့ ကောင်းစွာ ကျင့်သားရထားပြီးသော မြင်းတပ်ကြီးကို ထူထောင် ဖန်တီးပြီးလျှင်ပြီးချင်း တစ်ကြိမ်က ၄င်း၏ အမျိုးသားများအပေါ် ရိုင်းရိုင်းပျပျ ဆက်ဆံခြင်းပြုခဲ့ကြသော လူမျိုးအပေါင်းကို လက်တုံ့ပြန်ရန်ထောင်ရန် စတင်၏။ အရိုင်းအစိုင်းများ၏ အင်ပါယာ ချဲ့ထွင်ရေးလုပ်ငန်းလည်း အစပြု၏။

ခန်းမင်းကြီး ဂျင်ဂစ်ခန်သည် နှစ်ပေါင်း ၂၀ သာသာခန့် စစ်တိုက်ရင်း မြင်းကုန်းနှီးထက်တွင် ကွယ်လွန်သွား၏။ နှစ်ပေါင်း ၂၀ သာသာခန့် စစ်တိုက်ရင်း မောင်ဂွတ်တပ်မှူးကောင်း အများအပြားကို လေ့ကျင့် မွေးထုတ်ခဲ့၏။ မောင်ဂွတ်မြင်းတပ်ကြီးကိုလည်း အင်အားကြီးနိုင်သည်ထက် နိုင်အောင် တိုးချဲ့၏။ ယင်းသို့ လေ့ကျင့်မွေးထုတ်ခဲ့သော တပ်မှူးကောင်းများနှင့် တိုးချဲ့ခဲ့သော မြင်းတပ်ကြီးဖြင့် အင်ပါယာအများအပြားကို အနုကြမ်းစီးခဲ့၏။ မောင်ဂွတ်တို့၏ တန်ခိုးအာဏာစက်ကို ချဲ့ထွင်ခဲ့၏။ ခေတ်သစ် စစ်သိပ္ပံပညာရှင်များက ဥရောပတိုက်သားများ ဝါကြွားဂုဏ်ယူလေ့ ရှိကြသော မဟာအလက်ဇင်းဒရား၊ ဂျူးလီယက်ဆီဇာ၊ ဟန်နီဘော(လ်)နှင့် နပိုလီယံတို့သည် ဂျင်ဂစ်ခန်နှင့် နှိုင်းယှဉ်လိုက်သောအခါ ညီပုကလေးများလောက်သာ ဖြစ်ကြသည်ဟု ထုတ်ဖော်ဝန်ခံခြင်း ပြုလျက် ရှိကြ၏။

ဂျင်ဂစ်ခန်သည် ၁၂၂၇ ခုနှစ်တွင် ကွယ်လွန်၏။ သူ ကွယ်လွန်ချိန်တွင် မောင်ဂွတ်အင်ပါယာကြီးသည် ပင်လယ်နက်ဒေသမှ ပစိဖိတ်သမုဒ္ဒရာကမ်းခြေသို့ တိုင်၏။ သို့ရာတွင် ၄င်း၏ နေပြည်တော်မှုကား အာရှအလယ်ပိုင်း မြက်ခင်းပြင်များရှိ ကာရာကိုရန်မြို့ကလေးမျှသာ ဖြစ်၏။

ဂျင်ဂစ်ခန် ကွယ်လွန်သွားသောအခါ ၄င်း၏သားကြီး အိုဂိုဒီက အရိုက်အရာကို ဆက်ခံ၏။ အိုဂိုဒီလက်ထက်တွင် မောင်ဂွတ်မြင်းတပ်များ ခေတ္တ အနား

mgyoe.com

mgyoe.com

ရ၏။ ထို့ကြောင့် မောင်းဂွတ်အင်ပါယာ ပတ်ဝန်းကျင်ရှိ တိုင်းနိုင်ငံနှင့် လူ့အစည်းအရုံး များ ယာယီ သက်သာခွင့် ရရှိခဲ့ကြခြင်း ဖြစ်သည် ဆို၏။ အိုဂိုဒီသည် ခမည်းတော် ဂျင်ဂစ်ခန် ထူထောင်ထားခဲ့သော အင်ပါယာလောက်နှင့် တင်းတိမ် ရောင့်ရဲလိုဟန် တူ၏။ သို့ရာတွင် မောင်းဂွတ်စစ်သူကြီး တစ်ဦးဖြစ်သူ ဆာဘူတိုင်မူကား စစ်မာန် ကြွနေဆဲ ဖြစ်ဟန် တူ၏။ ထို့ကြောင့် ဥရောပအရှေ့ပိုင်းနှင့် အလယ်ပိုင်းရှိ မော်စကို၊ ကီး(ဗ်)၊ ပိုလန်၊ ဟန်ဂေရီ၊ ကရာကောနှင့် လိ(ဘ်)နိ(တ်) စသော တိုင်းနိုင်ငံများကို တရကြမ်း ဝင်ရောက် တိုက်ခိုက်ပြန်၏။ ကျော်ကြားလှသော ဂျာမန် လက်နက် ကိုင် တပ်ဖွဲ့များကို ရုပ်ပျက်ဆင်းပျက် ဖြစ်လောက်အောင် ချေမှုန်းပစ်လိုက်သဖြင့် သန့်ရှင်းသော ရောမအင်ပါယာ၏ ဧကရာဇ်ဘုရင်ကြီး ဖရက်ဒရစ်သည်ပင် သွေး ဆုတ်သွားသည် ဆိုကြ၏။ ဥရောပ အနောက်ပိုင်းရှိ ထီးဆောင်းဘုရင် အပေါင်း လည်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ခဲ့ကြသည်ဆို၏။

(၃)

အိုဂိုဒီ လွန်သွားပြီးနောက် ခန်းမင်းကြီး အရိုက်အရာကို ဆက်ခံသော မောင်းကီးခန် လက်ထက်တွင် ယခင် ခန်းမင်းကြီး ဂျင်ဂစ်ခန်၏ လမ်းစဉ်အတိုင်း ဆက်လက် ကျင့်သုံး၏။ မောင်းဂွတ် တပ်မှူးကောင်းများကို စစ်မြေပြင်များတွင် လေ့ကျင့် မွေးထုတ်ရင်း ၎င်း၏ အမိကလက်ရုံးဖြစ်သော မြင်းတပ်ကြီးကိုလည်း တိုးချဲ့ပြီး ရင်း တိုးချဲ့ခဲ့၏။

ဂျင်ဂစ်ခန်သည် တရုတ်အင်ပါယာကို မှောက်လှန် ဖြိုဖျက်ခဲ့သလို ဆာဘူတိုင်သည် ဥရောပအရှေ့ပိုင်းနှင့် အလယ်ပိုင်း တိုင်းနိုင်ငံများကို မွှေနှောက် ခဲ့၏။ မောင်းကီးခန် မူကား အာရှအနောက်ပိုင်းရှိ အာရပ်အင်ပါယာကို မြေလှန် ပစ်သူ အဖြစ်ဖြင့် ထင်ရှား၏။

အာရပ်အင်ပါယာ၏ နေပြည်တော်ဖြစ်သော ဘဂ္ဂဒက်မြို့သည် ထင်ရှား ကြီးကျယ်၏။ ခိုင်ခံ့သော မြို့ရိုးကြီးများ၏ အကာအကွယ်ဖြင့် ကောင်းစွာ လုံခြုံ ၏။ လူဦးရေ နှစ်သန်းခန့်မျှ ရှိ၍ ချမ်းသာကြွယ်ဝသော မြို့ကြီးတစ်မြို့ ဖြစ်၏။ ကျော်စောကိတ္တိ မပျောက်ပျက်နိုင်သော 'အာရေဗျညများ' သည် ယင်းမြို့တော် က ဖန်ဆင်းလိုက်သော အဆန်းတကြယ် အလှအပနှင့် အယဉ်အနုများသာ ဖြစ် သည် မဟုတ်သလော။ မောင်းကီးခန်၏ မြင်းတပ်ကြီး ဘဂ္ဂဒက်နေပြည်တော်သို့

mgyoe.com

mgyoe.com


ဝင်ရောက်လာခဲ့ပြီးနောက် ပြန်လည်ထွက်ခွာသွားသော အချိန်တွင် ပြာပုံနှင့် မီးသွေးများသာ ကျန်ရစ်၏။ မောင်းကီးခန်၏ ညီတော် တပ်မင်းကြီး ဟူလာဂူ သည် ဘဂ္ဂဒက်နေပြည်တော်တွင် စိုးစံလျက်ရှိသော ကလိ(ဖ်)နှင့် ဆွေခုနစ်ဆက် မျိုးခုနစ်ဆက်တို့ကို ဓားစမ်းခဲ့သည် ဆို၏။ ထို့ကြောင့် အာရပ်အမျိုးသား သမိုင်း ပညာရှင်များက မောင်းဂွတ်တို့ကို မကောင်းဆိုးဝါး သတ္တဝါများနှင့် ရေဲသားများ အဖြစ်ဖြင့် တစ်တစ်ခွခွ ရေးသား ဖော်ပြခဲ့ခြင်း ဖြစ်ရာ၏။

မောင်းကီးခန် လက်ထက်တွင် မောင်းဂွတ်အင်ပါယာသည် အထွတ် အထိပ်သို့ ရောက်ရှိ၏။ ထိုမျှ အပြောကျယ်လှသော အင်ပါယာကြီးကို ထိန်းသိမ်း အုပ်ချုပ်ရန်အတွက် ခန်းမင်းကြီး မောင်းကီးခန်သည် ၄င်း၏ သားတော်၊ ညီတော်များ နှင့် ကောင်းစွာ စိတ်ချယုံကြည်ခြင်း ပြုနိုင်သော ၄င်း၏ တပ်မှူးကြီးများကို ပြည် နယ်စောင့် စစ်ဘုရင်ခံချုပ်ကြီးများ အဖြစ်ဖြင့် ခွဲဝေတာဝန်ပေး၏။ အရပ်ရပ် တန်ခိုးအာဏာများကိုလည်း အပ်နှင်း၏။

ယင်းသို့ မောင်းကီးခန် တာဝန်လွှဲအပ်ခြင်း ခံရသူများထဲတွင် ၄င်း၏ ညီတော် တစ်ပါး ပါရှိ၏။ ၄င်း၏အမည်မှာ ကူဗလိုင်ခန် ဖြစ်၏။ ကူဗလိုင်ခန် စောင့်ကြပ်ရသော ပြည်နယ်မှာ တရုတ်နိုင်ငံကြီးပင် ဖြစ်၏။

(၄)

ယင်းသို့ နောင်တော် ခန်းမင်းကြီးက ကူဗလိုင်ခန်ကို တရုတ်အင်ပါယာစောင့် အဖြစ်ဖြင့် တာဝန်နှင်းအပ်စဉ်က တရုတ်အင်ပါယာကြီးတစ်ခုလုံးကို မောင်းဂွတ် များ သိမ်းသွင်းပြီးစီးသေးသည် မဟုတ်ချေ။ ကင်းကေရာဇ်ဘုရင်များ စိုးမိုးသော တရုတ်နိုင်ငံ မြောက်အရပ်ဒေသ၊ မန်ချူးရီးယားနှင့် တိဗက် စသည်တို့ကိုသာ ချုပ်ကိုင်ထားနိုင်၏။ တရုတ်နိုင်ငံ တောင်ပိုင်းတစ်ခွင်မှုကား ဆွန်မင်းဆက် ကေရာဇ် ဘုရင်များ အားကောင်းဆဲ ဖြစ်၏။ ချုပ်ကိုင်စိုးစံဆဲ ဖြစ်၏။

ခန်းမင်းကြီး၏ ညီတော်လည်းဖြစ်၊ ကိုယ်စားလှယ်တော်လည်း ဖြစ် သော ဘုရင်ခံချုပ် ကူဗလိုင်ခန်ကို တရုတ်တို့က ယဉ်ယဉ်ကျေးကျေး လက်ခံ၏။ ပျူပျူ ငှာငှာ ဆက်ဆံ၏။ ထို့ကြောင့် မြက်ခင်းပြင်သား လူရိုင်းကြီးသည် များစွာ သာယာ ကြည်နူးခဲ့ပုံရ၏။ ၄င်းလူမျိုးများထက်စာလျှင် အရာရာနှင့် အဘက်ဘက်တွင် ဖွံ့ဖြိုးတိုးတက်လျက် ရှိသော တရုတ်တို့၏ အခမ်းအနား အဆောင်အယောင်နှင့် ယဉ်ကျေးမှုများကိုပါ သဘောတွေ့သွားပုံရ၏။

mgyoe.com

mgyoe.com

မောင်းကီးခန် နတ်ရွာစံသောအခါ မောင်ဂိုတ်အကြီးအကဲများ ညီလာခံက ညီတော်ဖြစ်သူ ကူဗလိုင်ခန်ကို ခန်းမင်းကြီးအဖြစ်ဖြင့် ရွေးချယ်တင်မြှောက်ကြ၏။ ထိုသို့ ခန်းမင်းကြီးအဖြစ်ဖြင့် တင်မြှောက်ခြင်း ခံရသောအခါ ကူဗလိုင်ခန်သည် အသက်လေးဆယ်သာသာခန့်မျှ ရှိသေး၏။ ထို့ကြောင့် အလွန်ပြည့်တင်းသော အရွယ်ဟု ဆိုနိုင်၏။

ခန်းမင်းကြီး ဖြစ်လာသော ကူဗလိုင်ခန်သည် တရုတ်နိုင်ငံ၊ တရုတ်လူမျိုးနှင့် တရုတ်ယဉ်ကျေးမှုများ ပတ်ဝန်းကျင်တွင် နှစ်ကာလ အတန်ကြာမျှ ဘုရင်ခံချုပ် အဖြစ်ဖြင့် စိုးစံနေထိုင်ခဲ့ရသဖြင့် တရုတ်တို့၏ ဖမ်းစားခြင်း ခံခဲ့ရပုံပေါ်၏။ သို့မဟုတ် တရုတ်ဇာတ်ဝင်သွားပြီဟု ပြောရမည်လား မသိပေ။ အဘယ့်ကြောင့်ဆိုသော် ၎င်း ခန်းမင်းကြီးအဖြစ် ရွေးချယ်တင်မြှောက်ခြင်း ခံရပြီးနောက် မကြာမီပင် ယခင် ခန်းမင်းကြီးများ အဆက်ဆက် စိုးစံနေထိုင်ခဲ့သော ကာရာကိုရန်နေပြည်တော်ကို စွန့်ထားခဲ့ပြီးလျှင် ပီကင်းနေပြည်တော်သို့ ပြောင်းရွှေ့နေထိုင်ခြင်း ပြုခဲ့သောကြောင့်ပင် ဖြစ်၏။ အရိုင်းအစိုင်းများ၏ မြက်ခင်းပြင်များ အကြားရှိ ကာရာကိုရန်မြို့တော်ထက် မြို့ရိုး၊ ပြရိုး၊ ပြအိုး၊ ကျုံး၊ မြောင်း၊ နန်းတော်၊ ညီလာခံခန်းမဆောင်၊ စာကြည့်ဆောင်၊ ဝတ်လဲတော်ဆောင်၊ ရုံးခန်း၊ ဘဏ္ဍာတိုက်နှင့် ဥယျာဉ်တော်များဖြင့် ခမ်းနားကြီးကျယ်ခြင်း ရှိလှသော တရုတ်တို့၏ ပီကင်းနေပြည်တော်ကို ပိုမိုတပ်မက် မြတ်နိုးခြင်း ရှိပုံရ၏။ နှစ်သက်စွဲလမ်းခဲ့ပုံလည်း ပေါ်၏။

တရုတ်နန်းတွင်း မှတ်တမ်းများအရ ခန်းမင်းကြီး ကူဗလိုင်ခန်သည် ယခင် မောင်ဂိုတ်တို့၏ ဆင်ယင်ထုံးဖွဲ့မှုကို စွန့်ပယ်ကာ တရုတ်ဧကရာဇ် ဘုရင်များနှင့်မခြား ဝတ်စားဆင်ယင်သည် ဆို၏။ ရေမွှန်မှန်ချိုးကာ တူနှင့် စားသောက်လေ့ ရှိ၏။ တရုတ်တို့၏ ကြွယ်ဝသော အစာအာဟာရများကိုလည်း ခံ့ခံ့မင်မင်နှင့် မြိန်မြိန်ရှက်ရှက် သုံးဆောင်တတ်၏။ ဥယျာဉ်နှင့် တောကစား ထွက်တတ်ရုံသာမက တရုတ်တို့၏ နှစ်ကူးချိန်များတွင် အလွန်တရာ ခမ်းနားကြီးကျယ်သော ညစာစားပွဲများ ဆင်ယင် ကျင်းပလေ့ ရှိကြောင်းနှင့် ယင်းညစာစားပွဲသို့ မှူးမတ်ဗိုလ်ပါ ၆ဝဝဝ ခန့်ထက်မနည်း တက်ရောက်လေ့ရှိကြောင်း စသည်ဖြင့် ခန်းမင်းကြီး၏ အရာထမ်းတစ်ဦး ဖြစ်ခဲ့ဖူးသူ ဗင်းနစ်မြို့သား မာကိုပိုလိုက ၎င်း၏ ခရီးသွားမှတ်တမ်းတွင် ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသား ဖော်ပြခြင်း ပြုခဲ့၏။ ထိုမျှသာလျှင် မဟုတ်သေး။

mgyoe.com

mgyoe.com
SAMPLE BOOK


ခန်းမင်းကြီးသည် တရုတ်နိုင်ငံတွင် ယွန်းမင်းဆက်ကိုပင် အခိုင်အခံ့ ထူထောင်ရန် လုံ့လထုတ်ခဲ့သေးသည် မဟုတ်သလော။

ယင်းသို့ တရုတ်တို့၏ ယဉ်ကျေးမှုနှင့် အခမ်းအနား အဆောင်အယောင်များ၏ ဖမ်းစားခြင်းခံရသဖြင့် တရုတ်ဇာတ်ဝင်ကာ တရုတ်ကေရာဇ်ဘုရင်များ တည်ဆောက်ထားခဲ့ကြသော 'တားမြစ်ထားသော ခရမ်းရောင်မြို့တော်' တွင် စိုးစံလျက်ရှိစေကာမူ ကူဗလိုင်ခန်၏ ဝိညာဉ်မှုကား အာရှမြက်ခင်းပြင်များ၌ သန္ဓေတည်ခဲ့သော မောင်းဂွတ်ဝိညာဉ်မျှသာ ဖြစ်သည် မဟုတ်သလော။ ထို့ကြောင့် မောင်းဂွတ် အင်ပါယာ၏ အကြီးအကဲအဖြစ်ဖြင့် ခန်းမင်းကြီးရုံးတော်ကို ကာရာကိုရန် မြို့တော်မှ ပီကင်းမြို့တော်သို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် များမကြာမီပင် တရုတ်နိုင်ငံတောင်ပိုင်း အရပ်ဒေသများတွင် တစ်ထီးတစ်နန်း ထူထောင်ကာ တစ်တော တစ်ကြက်ဖ လုပ်လျက်ရှိသော ဆွန်မင်းဆက် တရုတ်ကေရာဇ် ဘုရင်ကို နှိပ်ကွပ်ဖမ်းဆီးရန် အဆောတလျင် ပြင်ဆင်၏။ ထိုမျှသာ မဟုတ်သေး၊ တရုတ်အင်ပါယာ၏ အစပ်တွင် ရှိသော တိုင်းနိုင်ငံနှင့် ထီးဆောင်းမင်းများကိုလည်း ခန်းမင်းကြီးသည် မျက်စောင်းထိုး ကြည့်ရှုလျက် ရှိလေ၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ၃။ ရေအကစားမပျက်သော ပုဂံရွှေနန်းရှင်

(၁)

ဟန်ချောင်းနေပြည်တော်ကို လက်လွှတ် ဆုံးပါးခဲ့ရပြီးနောက် တရုတ်နိုင်ငံ၏ တောင်ပိုင်းအရပ်ဒေသများ တစ်လွှားတွင် ၄င်း၏ ကိုယ်ရံတော်တပ်ဖွဲ့လောက်နှင့် တောင်ပြေး မြောက်ပြေး ထွက်ပြေးတိမ်းရှောင်နေသော ဆွန်မင်းဆက်၏ နောက်ဆုံး တရုတ်ကေရာဇ်ဘုရင်ကို မောင်းဂွတ်စစ်သူကြီးများက မြင်းတပ်ကြီးများနှင့်တရကြမ်း လိုက်လံဖမ်းဆီးခြင်းပြုနေချိန်တွင် တားမြစ်ထားသော ခရမ်းရောင် မြို့နန်းတော်၏ လေသာဆောင်ပြတင်းမှ ကူဗလိုင်ခန်သည် တရုတ် အင်ပါယာ၏ အစပ်တွင် ရှိနေကြသော တိုင်းနိုင်ငံနှင့် ထီးဆောင်းဘုရင်များကို မျက်စောင်းထိုး ကြည့်ရှုလျက် ရှိ၏။ တကယ်ဆိုတော့ တရုတ်တို့၏ အခမ်းအနား အဆောင်အယောင်များဖြင့် ယွန်းမင်းဆက် ကေရာဇ်ဘွဲ့သာ ခံယူထားသော်လည်း ခန်းမင်းကြီး၏ ဝိညာဉ်မှုကား မောင်းဂွတ် ဝိညာဉ်မျှသာ ဖြစ်သည် မဟုတ်သလော။ ယင်းသို့ ခန်းမင်းကြီး၏ မျက်စောင်းထိုး အကြည့်ခံနေကြရသော တိုင်းနိုင်ငံများထဲတွင် ဂျပန်၊ မာလာယု၊ တုံကင်၊ အာနန်နှင့် ပုဂံရွှေပြည် စသော တိုင်းပြည်များ ပါဝင်၏။ ကိုရီးယားမူကား ဂျင်ဂစ်ခန် လက်ထက်ကတည်းကပင် မောင်းဂွတ်မြင်းများ ခွာအပေါက်ခံခဲ့ရသဖြင့် ခန်းမင်းဆက်များကို လက်ဆောင်ပဏ္ဏာ ဆက်သွင်းရသော နိုင်ငံဘဝသို့ ကျရောက်လျက် ရှိနေခဲ့ပြီဖြစ်၏။

mgyoe.com

mgyoe.com SAMPLE BOOK

နေရောင်ခြည် ဖြာဆင်းလျက်ရှိသော လေသာဆောင် ခန်းမကြီးအတွင်း ခန်းမင်းကြီးအပြင် ၄င်း၏ ကောင်းစွာ ယုံကြည်စိတ်ချခြင်း ခံရပုံရသော တရုတ်အမျိုးသား အမတ်ချုပ်ကြီးတစ်ဦးနှင့် အတိုင်ပင်ခံ နိုင်ငံရေးအရာရှိ ဖြစ်သူ ဥရောပတိုက်သား မာကိုပိုလိုတို့ နှစ်ဦးသာ ရှိကြ၏။ ကူဗလိုင်ခန်သည် ၄င်း အလွန်တရာ နှစ်သက်ပုံရသော ကူမစ် ခေါ် မောင်းဂွတ် နို့အရက်ချဉ်ကို ကျောက်စိမ်းခွက်ဖြင့် တဖြည်းဖြည်းသောက်ရင်း ယင်းတိုင်းနိုင်ငံများမှ ထီးဆောင်းဘုရင်များနှင့် ယခင်တရုတ်မင်းဆက် ဧကရာဇ်ဘုရင်များ၏ ဆက်ဆံရေးအနေအထားနှင့် ပတ်သက်၍ လည်းကောင်း၊ ယင်းနိုင်ငံများ၏ ဓနဥစ္စာ၊ လူသူအင်အားနှင့် အရပ်ရပ် အခြေအနေများနှင့် ပတ်သက်၍ လည်းကောင်း သူ များစွာ စိတ်ဝင်စား သိရှိလိုသော အကြောင်းအရာများကို တစ်ခုပြီးတစ်ခု စိစစ်မေးမြန်းခြင်း ပြု၏။ အမတ်ချုပ်ကြီးနှင့် အတိုင်ပင်ခံ နိုင်ငံရေးအရာရှိတို့ ပြန်လည် လျှောက်တင်ကြသော အကြောင်းအချက်များကိုလည်း ခန်းမင်းကြီးသည် ဦးခေါင်း တညိတ်ညိတ်နှင့် နားထောင်ရင်း မျက်မှောင်ကုတ်လျက် ရှိ၏။

ယင်းသို့ ပီကင်းနေပြည်တော်ရှိ စိန့်တိုင်းကြီးရှင် ကူဗလိုင်ခန်သည် နို့အရက်ချဉ်ကို တဖြည်းဖြည်းသောက်ရင်း ဦးခေါင်းတညိတ်ညိတ်နှင့် မျက်မှောင်ကုတ်နေချိန်တွင် ဂျပန်၊ မာလာယု၊ တံ့ကင်နှင့် အာနန် စသော တိုင်းနိုင်ငံများမှ ထီးဆောင်းမင်းများသည် ဘာလုပ်နေကြသည် မသိရသော်လည်း ပုဂံရွှေပြည်၌ စိုးစံလျက်ရှိသော မြန်မာတို့၏ အကြီးအကဲဖြစ်သူ နရသီဟပတေ့ ဘုရင်မင်းတရားကြီးသည် ပူအိုက်သော နွေကာလဖြစ်သည့်အလျောက် ရောဝတီမြစ်ဆိပ်တွင် လူသူမမြင်သာအောင် တသီးတခြားနှင့် တခမ်းတနား ဆောက်လုပ်ထားသော မင်းတဲမဏ္ဍပ်၌ ၄င်း၏ မိဖုရား မောင်းမများနှင့် တပျော်တပါးကြီး ရေကစား မြူးထူးလျက် ရှိလေ၏။

အဘယ်နည်း။

ယင်းသို့ အာရှအလယ်ပိုင်း မြက်ခင်းပြင်များမှ မောင်းဂွတ်လူမျိုး အရိုင်းအစိုင်းများသည် ဥရောပနှင့် အာရှတိုက်ကြီးနှစ်တိုက်တွင် အရှိန်အဟုန်ပြင်းပြင်းနှင့် ပေါက်ကွဲလျှံထွက်နေသော ၁၃ ရာစုနှစ်များ၏ ဒုတိယရာစုဝက် ကာလပိုင်းများအတွင်း ပုဂံရွှေပြည်၏ ရာဇဝင်ကြီးများ၏ ဖော်ပြချက်အရ အလွန်တရာ အဆိုအမိန့် ရက်စက်ကြမ်းကြုတ်သော၊ အစားကြူး၍ လောဘသက္ကာယ ကဲလွန်

mgyoe.com
SAMPLE BOOK


သော၊ အကွပ် အညှပ် ပြင်းထန်သော၊ အပျော်အပါးနှင့် ပြက်ရယ် ကျီစယ်ပြုသော အမူ၌ စရိုက်ကြမ်းသော၊ အမျက်စောင်မာန်နှင့် အငြူအစူ အားကြီးသော၊ သိမ်မွေ့နက်နဲသော နိုင်ငံ့အရေးအခင်းများ၌ မစူးမစမ်း မဆင်ခြင်ဘဲ စိတ်လိုက်မာန်ပါ ပြုလွယ်တတ်သော မင်းတစ်ပါး စိုးစံအုပ်ချုပ်လျက် ရှိ၏။

အဘာယ်နည်း။

ယင်းသို့ ဥရောပနှင့် အာရှကုန်းမြေကြီးများ တစ်လွှားတွင် ပြင်းထန်ကြီးမားသော နိုင်ငံရေးလေပွေကြီး သွက်သွက်ခါအောင် လှုပ်ယမ်းနေချိန်၌ အင်ပါယာနှင့် တိုင်းနိုင်ငံအပေါင်း ဝရုန်းသုန်းကားဖြစ်ကာ မင်းကေရာဇ်အပေါင်းတို့၏ ဦးခေါင်းများထက်မှ မကိုင်ရှုံသရဖူများ မြေကြီးပေါ်သို့ တဖြုတ်ဖြုတ် ပြုတ်ကျနေသော အခါသမယမျိုးတွင် ပုဂံရွှေပြည်၏ မြစ်ဆိပ်မဏ္ဍပ်ကြီး တစ်ခုအတွင်း အပူအပင်မရှိ၊ အစိုးရိမ် အကြောင့်ကြလည်း မရှိ၊ ရာနှင့်ချီသော သူ၏ မိဖုရားမောင်းမ မိဿံများနှင့် ပျော်ပျော်ပါးပါး ရေကစားမြူးထူးနိုင်စွမ်းရှိသော လူစားမျိုးကို မြန်မာတို့သည် အဘယ်သို့များ နိုင်ငံတော်၏ ဦးသျှောင်အဖြစ်ဖြင့် တင်မြှောက်ခြင်း ပြုခဲ့ကြသနည်း၊ လက်ခံထားကြသနည်း။

မကြာမီကလည်း ဤမြစ်ဆိပ်မဏ္ဍပ်တွင် ရေကစားလွန်ကာ အလွန်တရာရုပ်ဆိုး၍ အများပြည်သူ၊ ရဟန်းရှင်လူတို့အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာနှင့် စိတ်မချမ်းမြေ့ဖွယ်ရာ အရေးအခင်းတစ်ရပ် ကျော်မကောင်း၊ ကြားမကောင်း လောက်အောင် ဖြစ်ပွားသွားခဲ့ရပြီ ဖြစ်သည် မဟုတ်သလော။ သို့ရာတွင် ရွှေနန်းရှင်သည် အမှတ်သညာ မရှိ၊ အဆင်ခြင် မရှိ၊ သူထင်ရာ သူလုပ်လေ့ ရှိ၏။

(၂)

မင်းကြီး၌ ဉာဏ်ပညာ အမြော်အမြင်နှင့် ပြည့်စုံသော မိဖုရားခေါင်ကြီး စောဒေဝီ အပြင် အခြားမိဖုရားငယ်များနှင့် ကိုယ်လုပ်တော် အများအပြား ရှိ၏။ မိဖုရားငယ်များ အနက် စောလုံသည် ထင်ရှား၏။ အသက်ငယ်ရွယ်၍ အဆင်းလှသည့်အပြင် ဆွေအားမျိုးအားပါ ကောင်းသဖြင့် စောလုံသည် စိတ်နေသဘောထား ခက်ထန်ပုံ ရ၏။

မင်းကြီးသည် ငယ်စိတ် မကုန်တတ်သေးသော ဆတ်ဆတ်ကြဲ စောလုံကို ချစ်စနိုး၏။ ထို့ကြောင့် မကြာခဏ ကျီစယ်တတ်၏။ အချိန်နေရာလည်း မရွေး၊ လူရှေ့သူရှေ့တွင်လည်း မရှောင်တတ်။ ယင်းသို့ ပြက်ရယ်ကျီစယ်ခြင်း ပြုသော

mgyoe.com

mgyoe.com

SAMPLE BOOK


အမှု၌ မင်းကြီးသည် အလွန်အကြူး မွေ့လျော်ပုံ ရ၏။ စိတ်နေခက်ထန်သော စောလုံကလည်း ချစ်စနိုး၍ မင်းကြီးက မကြာမကြာ ကျီစယ်လေ့ ရှိခြင်းကို မခံတတ်။ ပြန်၍ ပြန်၍ ပက်တတ်ပုံ ရ၏။ ထိုအခါ မင်းကြီးသည် ယင်းသို့ မခံတတ်သော စောလုံကို တိုး၍ တိုး၍ ကစားကျီစယ်တတ်၏။

များမကြာမီက ဤမြစ်ဆိပ်မဏ္ဍပ်တွင် မိဖုရား မောင်းမမိဿံများနှင့် ရေကစားမြူးထူးရင်း ကြက်ခေါင်းဆိတ် မခံတတ်သော စောလုံငယ်ကို ချစ်စနိုး ကျီစယ်လို၍ မင်းကြီး ခပ်ကြမ်းကြမ်း ခပ်ရမ်းရမ်း ရေပက်ကစား၏။ ဦးဆံကအစ စောလုံတစ်ကိုယ်လုံး ရွှဲရွှဲစို၏။ ယင်းသို့ အခြားမိဖုရားနှင့် မောင်းမမိဿံများ မျက်စိအောက်တွင် ရုပ်ပျက်ဆင်းပျက်နှင့် အရှက်တကွဲဖြစ်အောင် ခံလိုက်ရသဖြင့် ငယ်ရွယ်သူ စောလုံသည် မင်းကြီးအပေါ် များစွာ စိတ်နာကြည်းသွားပုံ ရ၏။ မကျေနိုင် မချမ်းနိုင်အောင်နှင့် ခွင့်မလွှတ်နိုင်အောင် ဖြစ်သွားပုံလည်း ရ၏။ စောလုံသည် မင်းကြီးအပေါ် လက်တုံ့ပြန်ရန် အချိန်အခါနှင့် အခွင့်အလမ်းကို စောင့်၏။ တစ်ခါသော် မင်းကြီး၏ စားတော်ပြင်ဆင်ရန် စောလုံအလှည့် ရ၏။ ထိုအခါ စောလုံသည် မင်းကြီး၏ စားတော်တွင် အဆိပ်ခတ်၏။

စောလုံ၏ အကြံအစည်ကို မင်းကြီး သိရှိသွားသောအခါ ထိုအကြောင်းကို စစ်မေး၏။ စိတ်နာကြည်း ခက်ထန်လျက်ရှိသော စောလုံကလည်း မကွယ်မထောင့်။ မြစ်ဆိပ်မဏ္ဍပ်တွင် ရေကစားကြစဉ်က လူရှေ့သူရှေ့၌ အရှက်တကွဲ အကျိုးနည်းအောင် ပြုလုပ်သဖြင့် စိတ်နှလုံးထောင့်၍ ကြံစည်သည်ဟု အဖြောင့်ဆို၏။ ယင်းသို့ ပြန်လှန်ပြောဆိုရာ၌ စောလုံငယ်သည် ရိုးရိုးမဆို၊ ရွှေနန်းရှင်ကို "ဟယ် ပန်းပွတ်သည် မြေး" ဟု အမျိုးပါ ဖော်ထုတ်ကာ ကလော်တုတ်၏။

မိမိ၏ အသက်နှင့် ရွှေနန်းစည်းစိမ်ကို ကြံစည်ခြင်း ပြုရုံမျှသာမက အမျိုးပါ ခိုက်အောင် စော်ကားလိုက်သော စောလုံကို မင်းကြီးသည် ခွင့်လွှတ်ခြင်း မပြုနိုင်တော့ပေ။ အချစ်ကြီးသလောက် အမျက်ကြီးလာခဲ့ပြီ ဖြစ်သော နရသီဟပတေ့သည် ပန်းပဲတစ်ထောင်တို့ကို ဆင့်ခေါ်ကာ သံချပ်ပြုလုပ်၍ စောလုံကို ကျပ်တင်လေဟု အမိန့်ချမှတ်လိုက်၏။

ယင်းသို့ ငယ်ရွယ်သူတစ်ဦးနှင့် တုဖက်ပြိုင်ဆိုင်သော ရွှေနန်းရှင်ကို အဘယ်သူ တစ်ဦးတစ်ယောက်ကမျှ တားမြစ်ပြောဆိုခြင်း မပြုကြတော့ပြီလော။ သို့မဟုတ် သတိမပေးနိုင်ကြတော့ပြီလော။

mgyoe.com

နရသီဟပတေ့ကို မင်းအဖြစ် ပေးတော်မူခဲ့သော အမတ်စစ်သူကြီး ရာဇသင်္ကြန်ကား မရှိတော့ပေ။ နိုင်ငံတော်၏ ကြီးလေးများပြားသော တာဝန်များ ထမ်းဆောင်ရင်း ကွယ်လွန်သွားခဲ့လေပြီ။

မိဖုရားခေါင်ကြီး စောဒေဝီကား ရှိသေး၏။ သို့ရာတွင် ရွှေနန်းရှင်၏ စိတ်နေ သဘောထားအကြောင်း ကောင်းစွာ သိရှိနားလည်ထားသော မိဖုရား ခေါင်ကြီးသည်လည်း ကြားမဝင်ဝံ့လောက်အောင် အကျပ်အတည်း တွေ့နေခဲ့ပုံ ရ၏။ ထို့ကြောင့် ခပ်မဆိတ် နေခဲ့ရဟန် တူ၏။

မင်းကြီး၏ ဦးရီးတော် သိမ္မဆည်း အမတ်လည်း ရှိ၏။ သို့ရာတွင် သူ၏ အမျိုးကိုပါ ထိပါးစော်ကားခဲ့သော တရားခံမဘက်မှ ရှေ့နေရှေ့ရပ် မပြုလုပ်လို တော့ဟန် တူ၏။ ထို့ကြောင့် ဥပေက္ခာပြုခဲ့ခြင်း ဖြစ်ရာ၏။

ယင်းသို့ ဘုရင်မင်းမြတ်ထက် အသက်ရော ဝါပါ ကြီးရင့်သော ပုဂ္ဂိုလ် ကြီး သုံးဦးအပြင် ပုဂံရွှေပြည်၌ များစွာအရေးပါ အရာရောက်သော အခြား ပုဂ္ဂိုလ် သုံးဦးတို့ ရှိကြသေးသည် မဟုတ်သလော။ ၎င်းတို့မှာ သာသနာပိုင်နှင့် ရာဇသင်္ကြန် ၏ သားများ ဖြစ်ကြသော အနန္တသူနှင့် ရန္တပစ္စည်းညီနောင်တို့ ဖြစ်ကြ၏။ သို့ရာတွင် မိဖုရားစောလုံ၏ အမှုသည် သာမန်အမှုကိစ္စ မဟုတ်ပေ။ နိုင်ငံတော် လုပ်ကြံမှုကြီး ဖြစ်သည် မဟုတ်သလော။ ထို့ကြောင့် ထိုပုဂ္ဂိုလ် သုံးဦးတို့သည်လည်း မည်သို့မျှ ကြားမဝင်သာ၍ ရွှေနန်းရှင်၏ မိုက်မဲရမ်းကားမှုကို လက်ပိုက်ကြည့်နေခဲ့ကြ ရခြင်း ဖြစ်ပုံရ၏။

စောလုံသည် ငယ်ရွယ်သူတစ်ဦးသာ ဆိုသော်လည်း လုပ်ရဲ ခံရဲ သတ်ရဲ သေရဲသော မိန်းမထက်တစ်ဦး ဖြစ်၏။ အချိန်စေ့၍ သူသတ်သမားများက "အရှင် မြောက်သားတော် အမျက်ကြီးလှသည်။ လာတော်မူလော့" ဟု လာရောက် ခေါ်ငင်ကြသောအခါ အနည်းငယ်မျှ တုန်လှုပ်ချောက်ချားခြင်း မရှိ။ သံကျပ်ရဲရဲ ထက်သို့ စိပ်ပုတီးကိုင်၍ တက်သည်ဆို၏။

အမျက်ကြီးသလောက် အချစ်ကြီးခဲ့သော ရွှေနန်းရှင်သည် မိဖုရားငယ် စောလုံ မရှိပြီးနောက် စက်တော်ခေါ်ချိန် ရောက်တိုင်း "စောလုံ၊ ငါ့ကို စောင့်ပါ ခလှည့်၊ ငါ့ကို စောင့်ပါခလှည့်" ဟု အော်ဟစ်မြည်တမ်းခြင်း ပြုပြန်၏။ မင်းကြီး၏ အဖြစ်ကို အခြားမိဖုရားငယ်များနှင့် မောင်းမမိဿံများက လည်းကောင်း၊ ယင်းတို့ ကမှတစ်ဆင့် အများပြည်သူတို့ ကြားသွားလျှင် မလျော်သောကြောင့် မိဖုရား ခေါင်ကြီးက "စောလုံကို အရှင်မင်းကြီး မျက်တော်မူပြီးသည် မဟုတ်သလော၊

mgoe.com

mgyoe.com  SAMPLE BOOK 

သတိထားတော်မူပါ" ဟု ဖျောင်းဖျရ၏။ သို့ရာတွင် မင်းကြီးသည် သတိမကပ်နိုင်ဘဲ စက်တော်ခေါ်ချိန် ရောက်တိုင်း စောလုံကိုသာ အော်ဟစ် မြည်တမ်းမြဲမြည်တမ်းလျက် ရှိသဖြင့် "မျက်တော်မူတုံလျက် တစ်ဖန် ကြေကွဲသော အမူသည် မသင့်၊ ပြည်ထောင်ဘက်ချင်း မင်းတို့ ကြားလေသော်လည်း ကဲ့ရဲ့ဖွယ် ရှိ၏။ နောင်လာလတ္တံ့သော သူတို့သည် မင်းကြီးအား မကျိုးမနွံ ရှိလေရာ၏။ မင်းကြီးနှလုံးတော်က နောင်တရှိသည်ကို သူခပ်သိမ်းအား မသိစေလင့်။ သမ္မပ္ပဓာန်တရားတော်၌ကား ဖြစ်လေပြီးသော မကောင်းမှုကို ပွားစေခြင်းငှာ၊ လုံ့လ မဖြစ်သေးသော မကောင်းမှုကို မဖြစ်စေခြင်းငှာ၊ လုံ့လမဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်အောင်၊ လုံ့လဖြစ်လေပြီးသော ကုသိုလ်တရားတို့ကို ပွားအောင် လုံ့လပြုအပ်၏။ ဤသို့ သဗ္ဗညုဘုရားရှင် ဟောတော်မူသော သမ္မပ္ပဓာန် တရားတော်ကို သတိပြုရာသည်" ဟု သာသနာပိုင်က လာရောက်သတိပေး ပြောကြားခြင်းပြုရသော ဟူ၏။

(၃)

တားမြစ်ထားသော ခရမ်းရောင်မြို့နန်းတော်၏ လေသာဆောင် ခန်းမကြီးအတွင်း စိန့်တိုင်းကြီးရှင် ခန်းမင်းကြီးသည် ၎င်း၏ အမတ်ချုပ်ကြီးနှင့် အတိုင်ပင်ခံ နိုင်ငံရေးအရာရှိတို့ နှစ်ဦး ခေါင်းချင်းရိုက်လျက် ရှိကြစဉ် ပုဂံပြည် ရွှေနန်းရှင်သည် ပူအိုက်သော နွေကာလ ဖြစ်သည့်အလျောက် ရောဝတီမြစ်ဆိပ် မင်းတဲမဏ္ဍပ်ကြီးအတွင်း ၎င်း၏ မိဖုရား မောင်းမမိဿံများနှင့် အပူအပင် အကြောင့်အကြ မရှိ၊ အစဉ်းစား အစိုးရိမ်လည်း မရှိ ပျော်ပျော်ပါးပါး ရေကစား မြူးထူးမြဲ မြူးထူးလျက်ရှိ၏။

အဘယ်နည်း။

များမကြာမီကမှ ဤမြစ်ဆိပ်မဏ္ဍပ်တွင် ရေအကစားလွန်ကာ အလွန်တရာ အရုပ်ဆိုး၍ အများပြည်သူ ရဟန်းရှင်လူတို့အတွက် စိတ်အနှောင့်အယှက်ဖြစ်စရာနှင့် စိတ်မချမ်းမြေ့ဖွယ်ရာ အရေးအခင်းတစ်ရပ် ကျော်မကောင်း ကြားမကောင်းလောက်အောင် ဖြစ်ပွားသွားခဲ့ရပြီဖြစ်သည် မဟုတ်သလော။ သို့ရာတွင် ရွှေနန်းရှင်သည် အမှတ်သညာ မရှိ၊ အဆင်ခြင် မရှိ၊ သူ ထင်ရာ သူလုပ်လေ့ ရှိ၏။

အဘယ်နည်း။

mgyoe.com

m g y o e . c o m

SAMPLE BOOK


ဥရောပနှင့် အာရှကုန်းမြေကြီးများ တစ်လွှားတွင် ပြင်းထန်သော နိုင်ငံရေး လေပျင်ကြီး သွက်သွက်ခါအောင် လှုပ်ယမ်းနေချိန်၊ အင်ပါယာနှင့် တိုင်းနိုင်ငံအပေါင်း ဝရုန်းသုန်းကားဖြစ်ကာ မင်းဧကရာဇ်အပေါင်းတို့၏ ဦးခေါင်းထက်မှ မကိုဋ်သရဖူများ မြေကြီးပေါ်သို့ တဖြုတ်ဖြုတ် ပြုတ်ကျနေချိန်နှင့် နောက်ဆုံးစိန့်တိုင်းကြီးရှင် ကူဗလိုင်ခန်က လေသာဆောင်ပြတင်းမှ မျက်စောင်းထိုး ကြည့်နေချိန်မျိုးတွင် ပုဂံရွှေပြည်၏ မြစ်ဆိပ်မဏ္ဍပ်ကြီး တစ်ခုအတွင်း မျက်စိကန်းတစ္ဆေမကြောက် ဆိုသော စကားအတိုင်း ရာနှင့်ချီသော သူ့မိဖုရား မောင်းမမိဿံများနှင့် ပျော်ပျော်ပါးပါး ရေကစား မြူးထူးနိုင်အား ရှိသော လူစားမျိုးကို မြန်မာတို့သည် အဘယ်သို့များ နိုင်ငံတော်၏ ဦးသျှောင်အဖြစ်ဖြင့် တင်မြှောက်ခြင်း ပြုခဲ့ကြသနည်း။ လက်ခံထားကြသနည်း။

❑

m g y o e . c o m

mgyoe.com SAMPLE BOOK

## ၄။ ပုဂံနှင့် မြန်မာ

(၁)

မြန်မာတို့သည် ညံ့ဖျင်း၍ သူရဲဘောနည်းကြောင်သော လူစားများ မဟုတ်ကြပေ။ လွတ်လပ်ခြင်း၊ ဖြောင့်မတ်မှန်ကန်ခြင်းနှင့် တရားမျှတခြင်း အစရှိသော လောကပါလတရားကို များစွာ ချစ်ခင် မြတ်နိုးတတ်ကြသူများသာ ဖြစ်၏။ ယင်းတရားများအတွက် စွန့်လွှတ်နိုင်စွမ်း ရှိကြသူများနှင့် တိုက်ရဲလှန်ရဲသော လူမျိုးများလည်း ဖြစ်ကြ၏။ သို့ရာတွင် ခေါင်းဆောင်ကောင်းကိုကား အလိုရှိတတ်ကြ၏။

(၂)

မြန်မာတို့တွင် 'ကြာအိုးအံ ပုဂံတည်' ဆိုသော ရာဇဝင်သင်္ချေပ စကားတစ်ရပ် ရှိ၏။ ထိုစကားသည် ပုဂံပြည် စတင်တည်ထောင်သော ခုနှစ် သက္ကရာဇ်ကို ရည်ညွှန်းထားခြင်း ဖြစ်၏။ ယင်းသင်္ချေပစကား အလိုအရ ပုဂံပြည်ကို မြန်မာ့ ကောဇာသက္ကရာဇ် ၂၁၁ ခု၊ ကမ္ဘာ့သက္ကရာဇ် ၈၄၉ ခုနှစ်လောက်တွင် စတင်တည် ထောင်သည် ဆို၏။

မြန်မာရာဇဝင်ကြီးများက ပျူပြားမင်းကို ပုဂံမြို့တည် မင်းတရားအဖြစ်ဖြင့် ရည်ညွှန်းဖော်ပြလေ့ ရှိကြ၏။ ပုဂံမြို့တည် ပျူပြားမင်းမှ ပုဂံပျက်ရသော နရသီဟပတေ့မင်း လက်ထက်အထိ အချုပ်အခြာအာဏာပိုင်သော ပုဂံပြည်တွင် မင်း ၁၈ ဆက်သည် နှစ်ပေါင်း ၄၀၀ ကျော် အစဉ်အဆက် စိုးစံခဲ့ကြကြောင်းပါ

mgyoe.com

m g y o e . c o m  SAMPLE BOOK 

အကျယ်တဝင့် ဖော်ပြ၏။ အထူးသဖြင့် ၁၁ နှင့် ၁၂ ရာစုနှစ်များအတွင်း စိုးစံခဲ့ကြသော နှလုံးကောင်း၊ လက်ရုံးကောင်း ဘုရင်များဖြစ်ကြသော အနော်ရထာ၊ ကျန်စစ်သား၊ အလောင်းစည်သူနှင့် နရသီဟစည်သူ အစရှိသော အကြီးအကဲနှင့် ခေါင်းဆောင်များ လက်ထက်တွင် ပုဂံပြည်သည် နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေးနှင့် အရပ်ရပ် ယဉ်ကျေးမှုများဘက်တွင် များစွာ ဖွံ့ဖြိုး တိုးတက်လာခဲ့ပုံနှင့် အနိုင်နိုင်ငံ ထီးဆောင်းဘုရင်များက ရှိသေခံ့ညားလာခဲ့ကြပုံ အဖြစ်အပျက်နှင့် အကြောင်းအရာများကို တခမ်းတနားနှင့် ဝေဝေဆာဆာ ရေးသား ဖော်ပြလေ့ရှိကြ၏။

သို့ရာတွင် ၁၃ ရာစုနှစ်များအတွင်း ပုဂံပြည်တွင် ဆက်လက်စိုးစံခဲ့ကြသော မင်းများလက်ထက်သို့ ကျရောက်သော အခါတွင်မူကား ၁၁ နှင့် ၁၂ ရာစုနှစ်သမိုင်းကာလများကကဲ့သို့ မဟုတ်တော့ဘဲ တစ်စတစ်စ အင်အားလျော့ပါးလာခဲ့ရပုံ၊ ပုဂံပြည်၏ ဂုဏ်သတင်းနှင့် အရှိန်အဝါများလည်း တဖြည်းဖြည်း မှေးမှိန်ညှိုးနွမ်းလာခဲ့ရပုံ၊ နရသီဟပတေ့မင်း မရှိပြီးသည့် နောက်ပိုင်းတွင်မူကား ပုဂံရွှေပြည်သည် အချုပ်အခြာ အာဏာပိုင်သော နိုင်ငံတော်ဘဝမှ လျှော့ကျလာခဲ့ရပုံ၊ ထို့နောက် ပုဂံရွှေနန်းတွင် ဆက်လက်စိုးစံခဲ့ကြသော မင်းများသည်လည်း ထီးဆောင်းဘုရင်များ မဟုတ်ကြတော့ဘဲ မောင်းဂွတ်နှင့် ထိုင်းလူမျိုး အကြီးအကဲများ၏ သြဇာခံ နေဝင်ဘုရင်များဘဝသို့ နိမ့်ဆင်း လျှော့ကျလာခဲ့ပုံများကိုလည်း အကျယ်တဝင့် မှတ်တမ်းတင် ဖော်ပြတတ်ကြ၏။

ယင်းရာဇဝင်ဆရာကြီးများ၏ ဖော်ပြချက်များအရ ပြည်ဆိပ်ကမ်းတွင် နရသီဟပတေ့မင်း ဓာတ်သိမ်းသွားခဲ့ရပြီးနောက် ပုဂံရွှေနန်းစည်းစိမ်ကို ဆက်ခံသိမ်းပိုက်ရန် အရေးအခင်းအတွက် တစ်ပါးတည်းသာ ကျန်တော့သော သားတော် ဒလမြို့စား မင်းသားကြီးကျော်စွာသည် များစွာ ကြောင့်ကြ စိုက်ထုတ်ခဲ့ရပုံ ရ၏။ သို့ရာတွင် ပုဂံပြည်၏ အသက်နှလုံးနှင့် စပါးကျီဟု ဆိုကြသော ကျောက်ဆည်ဘက်ရှိ လယ်တွင်းနယ်များကို ကောင်းစွာ စိုးမိုးချုပ်ကိုင်ထားခဲ့ကြပြီ ဖြစ်သော ထိုင်းလူမျိုး အကြီးအကဲများ ဖြစ်ကြသည့် 'ရှမ်းညီနောင်သုံးဦး' တို့က ယင်းကိစ္စကို ခွင့်မပြုတော့ချေ။ ကျော်စွာ၏ မေ့လျော့ထားခြင်းခံရသော မိဖုရားခေါင်ကြီး ဖွားစောနှင့် အပေးအယူ ပြုလုပ်ကြပြီးနောက် ဒလမြို့စားကြီးကို ပုဂံရွှေနန်းထက်မှ ဆွဲချကာ သက်နန်းဆီးပေးလိုက်ကြ၏။ ထို့နောက် ရှမ်းညီနောင် သုံးဦးတို့သည်

m g y o e . c o m

mgyoe.com

SAMPLE BOOK


ကျောက်ဆည် လယ်တွင်းနယ်များကို အခြေစိုက်ကာ မြန်မာနိုင်ငံကို စိုးမိုးရန် အားထုတ်ကြ၏။

ယင်းအရေးအခင်းများနှင့် ပတ်သက်၍ များစွာ မခံမရပ်နိုင် ဖြစ်ရသူမှာ နန်းကျ ကျော်စွာ၏ သားတော် မင်းသားကြီးစောနစ် ဖြစ်သည်ဆို၏။ သို့ရာတွင် မင်းသားကြီး စောနစ်သည် တစ်စထက်တစ်စ တန်ခိုးသြဇာ ကြီးမားနေပြီဖြစ်သော ထိုင်းလူမျိုး အကြီးအကဲများနှင့် တဖက် ယှဉ်ပြိုင်နိုင်လောက်သော အင်အား စွမ်းပကားရှိသူ တစ်ဦးတစ်ယောက်ကား မဟုတ်တော့ချေ။ နောက်ဆုံး ပုဂံ ရွှေနန်းရှင် နရသီဟပတေ့၏ မြေး ဒလမြို့စားကြီး ကျော်စွာ၏ သားဆိုသော အမည်ဂုဏ်ပုဒ်က လွဲ၍ အခြားဘာမျှ ရတတ်ပုံလည်း မရ။ ထို့ကြောင့် ယင်း ဂုဏ်ပုဒ်များကို အရင်းအနှီးပြုကာ ကြံရာမရသည့် အဆုံးတွင် စိန့်တိုင်းကြီးရှင် ကူဗလိုင်ခန်ထံ ခေါင်းလျှို ချဉ်းကပ်၏။ တိုင်ကြားကာ အကူအညီတောင်း၏။ ထိုအခါ အခါအခွင့်ကို စောင့်ဆိုင်းနေပုံရသော မောင်းဂွတ် မြင်းတပ်ကြီးများသည် မြန်မာ-ယူနန် နယ်နိမိတ်မျဉ်းကြောင်းကို ဖြတ်ကျော်ကြကာ ကျောက်ဆည်နယ် များသို့ ဝင်ရောက်လာကြပြန်၏။

မောင်းဂွတ် မြင်းတပ်ကြီးသည် အင်အားကြီးမားလှရကား 'မြေချေး တစ်ယောက် တစ်လုံး၊ မြေ တစ်ယောက်တစ်ဆုပ်နှင့် ပစ်သော် ရှမ်းညီနောင် သုံးဦးတို့ အခိုင်အခံ့ပြုလုပ်ထားသော မြို့ပြများ ပျက်ဖွယ်ရာရှိသည်' ဆိုကြ၏။

ထိုအခါ ကြံရာမရဖြစ်ပုံရသော ထိုင်းလူမျိုး အကြီးအကဲများက ပုဂံ ဘုရင် မရှိတော့ကြောင်းဖြင့် ကျော်စွာ၏ ဦးခေါင်းကို သက်သေခံပစ္စည်း အဖြစ်ဖြင့် ပြသကြ၏။ ပုဂံမင်းသားတော်အား ချီးပင့်၍ ပုဂံမင်းကို နန်းပြန်တင်ရန် တာဝန် ဖြင့် လာရောက်ကြသော မောင်းဂွတ်တပ်မှူးကြီးများသည် ရှမ်းမင်းများက စိန့်တိုင်း ကြီးရှင်အတွက် ဆက်သသော လက်ဆောင်ပဏ္ဏာများနှင့် ၎င်းတို့အတွက်ပါ ရရှိ သော ဝေစုများကို ကောင်းစွာ လက်ခံယူငင်ပြီးနောက် ပြန်ထွက်သွားကြ၏။ ယင်းသို့ မပြန်မီ အားပြလို၍ ဆိုကာ အလျားအတာ ၇၀၀၀၊ အနံ နှစ်တာနှင့် ဇောက် နှစ်တာ ရှိသော သင်းတွဲ တူးမြောင်းအား ညတွင်းချင်း တူးထားခဲ့ကြသေးသည် ဆို၏။

ဤသို့ဖြင့် ပုဂံပြည် နန်းကျဘုရင်ကျော်စွာ၏ သားတော် စောနစ်နှင့် မြေးတော် စောမွန်နစ် စသူတို့သည် စိန့်တိုင်းကြီးရှင် ကူဗလိုင်ခန်ကို လက်ဆောင်

mgyoe.com

ပဏ္ဏာတော် ဆက်သွင်းရသော ရှမ်းမင်းများ၏ ဩဇာခံ နေဝင်ဘုရင်များဘဝသို့ လျှောကျခဲ့ကြရ၏။ ယင်းသို့လျှင် ပုဂံရွှေပြည်နှင့် ပုဂံမင်းဆက်ဘုရင်များ၏ ကြမ္မာသည် ကြေကွဲဖွယ်ရာ ပြည်ဖုံးကားချကာ ဇာတ်သိမ်းခဲ့ကြရသည် မဟုတ်သလော။

(၃)

ပုဂံ မတည်မီနှင့် မပျက်မီ ယခုခေတ် မြင်းခြံခရိုင်အတွင်းရှိ ပုဂံမြို့ဟောင်း နေရာနှင့် အနီးအနားတစ်ဝိုက်တွင် အရိမဒ္ဒန၊ သီရိပစ္စယာနှင့် တမ္ပဒီပ ခေါ် တမ္ပဝတီ စသော မြို့ပြများ တစ်မြို့ပြီးတစ်မြို့ တည်ထောင်ခဲ့ဖူးကြောင်းနှင့် ယင်းမြို့တည် မင်းတရားများနှင့် မင်းဆက်ဘုရင်များအကြောင်း မြန်မာရာဇဝင်ကြီးများတွင် အကျယ်တဝင့် ရေးသားဖော်ပြလေ့ ရှိကြ၏။ သို့ရာတွင် မြန်မာလူမျိုးများ အကြောင်းနှင့် ပတ်သက်၍ကား အခိုင်အခံ့ ရေးသားဖော်ပြခြင်း မတွေ့ရသလောက် ဆင်းရဲမွဲကျန်၏။ သမိုင်းဝင် သက်သေခံ အထောက်အထား ပစ္စည်းများလည်း မတွေ့ရသေးသလောက် ဖြစ်၏။

မှန်နန်းရာဇဝင်ကြီးတွင် "ငါ့စကောစစ်ကြီးလာ၍" သရေခေတ္တရာ အပျက်တွင် ပျူ၊ ကမ်းယံ၊ မြန်မာတို့ သုံးစုကွဲကြောင်းလောက်သာ ဖော်ပြထားပြီးနောက် မြန်မာ ဆိုသော ဝေါဟာရစကားနှင့် လူမျိုးသည် တစ်ခါတည်း ငုပ်၍ သွား၏။ သို့ရာတွင် ပျူနှင့် ကမ်းယံများ အကြောင်းကိုမူကား ဆက်လက်ဖော်ပြ၏။ ပျူနှင့် ကမ်းယံ၊ ပျူနှင့် မွန်၊ ပျူနှင့် သက်၊ ပျူနှင့် ကျပင်း၊ ပျူနှင့် ရခိုင်၊ ပျူနှင့် မွန်၊ ပျူအချင်းချင်း စစ်ပွဲများအကြောင်းနှင့် နောက်ဆုံး ပျူတစ်စု၏ အကြီးအကဲဖြစ်သူ မင်းသားကြီး သမုဒ္ဒရာဇ်က ယုန်လွှတ်ကျွန်းတွင် ရွာပေါင်း ၁၉ ရွာကို မ,တည် စုစည်းကာ အရိမဒ္ဒနအမည်တွင်သော ပြည်ကို တည်ထောင်ကြောင်း အကျယ်တဝင့် ဖော်ပြထား၏။ မြန်မာတို့၏ အကြောင်းအရာ အဖြစ်အပျက်များနှင့် ပတ်သက်၍မူကား ဘာအစအနမျှ ဖော်ပြထားခြင်း မရှိပေ။

ယင်းသို့ သရေခေတ္တရာ အပျက်လောက်ကစ၍ ငုပ်သွားခဲ့ရသော မြန်မာသည် မြစေတီကျောက်စာတိုင် စိုက်ထူသော ခေတ်ကျမှ ဦးစွန်းပြန်၍ ပေါ်၏။ သရေခေတ္တရာသည် သက္ကရာဇ် ၁၆ ခုနှစ်တွင် ပျက်၏။ မြစေတီ ကျောက်စာတိုင်မူကား ကျန်စစ်သား သေအံ့ဆဲအချိန် ဖြစ်သော ကောဇာသက္ကရာဇ် ၄၇၄ ခုနှစ်တွင် စိုက်ထူခြင်း ဖြစ်၏။ ထို့ကြောင့် ယင်းအဖြစ်အပျက် နှစ်ရပ်အကြားတွင်

mgyoe.com

mgyoe.com

နှစ်ပေါင်း တစ်ထောင်ခန့် ရှိ၏။ အဘယ်နည်း။ မြန်မာလူမျိုးများသည် နှစ်ပေါင်း တစ်ထောင်ခန့်မျှ ငုပ်လျှိုးနေခဲ့ကြရခြင်း ဖြစ်သလော။

မည်သို့ပင်ဖြစ်စေ ပုဂံရွှေပြည် စတင်တည်ထောင်သော ခုနှစ် သက္ကရာဇ်နှင့် မြန်မာတို့ လူမျိုးတစ်မျိုးအဖြစ်ဖြင့် အခိုင်အမာ ရပ်နိုင်လာခဲ့ကြသော ခုနှစ် သက္ကရာဇ်များနှင့် ပတ်သက်၍ ယခုအခါ သမိုင်းပညာရှင်များအတွင်း အမှန်ကို ဖွေရှာနိုင်ရန်အတွက် အငြင်းပွားလျက် ရှိနေကြဆဲပင် ဖြစ်၏။ သက်ဆိုင်ရာ ကျွမ်းကျင်သူများနှင့် သုတေသီများသည်လည်း ခိုင်ခံ့သော သက်သေခံ အထောက်အထားနှင့် သမိုင်းဝင်ပစ္စည်းများကို တောနင်း ရှာဖွေကြဆဲ ဖြစ်၏။

သမိုင်းပညာရပ်သည် သက်သေခံ၊ သို့မဟုတ် အမာခံ အထောက်အထား ပစ္စည်း တစ်စုံတစ်ရာ မပြသနိုင်ဘဲ ဖြစ်နိုင်၊ ရှိနိုင်သော ပညာရပ် မဟုတ်ပေ။ ထို့ကြောင့် ပုဂံရွှေပြည်နှင့် မြန်မာလူမျိုးများ၏ အကြောင်းသည် 'နှစ် + နှစ် = လေး' ဟူ၍ တိတိကျကျနှင့် အခိုင်အခံ့ပြောဆိုခြင်း ပြုနိုင်ကြသလို ပြောနိုင် ဆိုနိုင်သော ကိစ္စနှင့် အရေးအခင်း မဟုတ်သေးပေ။ ပြောဆို၍ ရနိုင်သော ကိစ္စလည်း မဟုတ်သေးပေ။ ပုဂံရာဇဝင်မျှလောက်ကိုပင် တုတ်ထမ်း ပြောဆိုရသည် ဆိုသော မြန်မာ စကားတစ်ရပ်လည်း အရှိသား မဟုတ်လား။

(၄)

မည်သို့ပင်ဖြစ်စေ မြန်မာတို့ လူမျိုးတစ်မျိုးအဖြစ်ဖြင့် ကြန်အင်္ဂါ စုံလင်ကာ အခိုင်အခံ့ ရပ်တည်နိုင်လာခဲ့ကြခြင်းနှင့် ပုဂံရွှေပြည် ဖွံ့ဖြိုးတိုးတက်လာခဲ့ခြင်း စသော အကြောင်းအရာနှင့် အဖြစ်အပျက်များသည် တစ်ခုနှင့်တစ်ခု ခွဲခြား၍ ရနိုင်ကောင်းသော ကိစ္စများပင် မဟုတ်ပေ။ မြန်မာတို့ လူမျိုးတစ်မျိုး အဖြစ်ဖြင့် ရုံးစည်းမိလာခြင်းနှင့် ပုဂံရွှေပြည် အင်အားပြည့်တင်းလာခြင်းတို့သည် တစ်ခုနှင့် တစ်ခု အပြန်အလှန် ထောက်ပံ့လျက် ရှိ၏။ ဤအချက်နှင့် ပတ်သက်၍ စုဆောင်း ရရှိထားပြီးသလောက် ဖြစ်သော အချက်အလက် အကြောင်းအရာများလောက် နှင့်ပင် သမိုင်းပညာရှင်များအတွင်း အခြေခံအားဖြင့် စိတ်ဝမ်းညီကြ၏။

သမိုင်းတစ်လျှောက် မြန်မာနိုင်ငံနှင့် နိုင်ငံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု များအရ အဆက်အဆံ များပြားခဲ့ကြသော အိမ်နီးနားချင်း တိုင်းနိုင်ငံများ ရှိကြ၏။ အိန္ဒိယ၊ သီဟိုဠ်၊ ယိုးဒယားနှင့် တရုတ်နိုင်ငံများသည် ထင်ရှား၏။ ယိုးဒယားသည်

mgyoe.com

m gyoe.c o m

ပုဂံ ပျက်စီးပြီးနောက် ထူထောင်သော နိုင်ငံဖြစ်၍ ပုဂံနှင့် ပုဂံမတိုင်မီ သမိုင်းကာလပိုင်းများက အဆက်အဆံ ရှိကောင်း ရှိလိမ့်မည် ဖြစ်သော်လည်း ယိုးဒယားနိုင်ငံနှင့်တော့ကား မဟုတ်ပေ။ အိန္ဒိယနှင့် သီဟိုဠ်နိုင်ငံများနှင့်မူကား သမိုင်း၏ ပဝေသဏီအချိန်လောက် ကတည်းကပင် အကူးအလူး အဆက်အဆံ များပြားခဲ့ပုံ ရ၏။ သို့ရာတွင် ယင်းနိုင်ငံများနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးအနေအထားကို ဖော်ပြနိုင်သော မှတ်တမ်းနှင့် အထောက်အထားများ ရှာဖွေမရသေးပေ။ သို့ရာတွင် တရုတ်နှင့် မြန်မာ နှစ်နိုင်ငံ ဆက်ဆံရေးများနှင့် ပတ်သက်၍ တရုတ်တို့ဘက်တွင် နန်းတွင်းမှတ်တမ်းများနှင့် ရာဇဝင်များ ကြွယ်ဝ၏။ ပုဂံခေတ်မတိုင်မီ သမိုင်းကာလပိုင်းများ လောက်ကပင်မက၊ ခရစ်မပေါ်ထွန်းမီ သမိုင်းကာလပိုင်းများလောက်က မှတ်တမ်းများ ရှိ၏။

ဧရာဝတီမြစ်ဝှမ်း အရပ်ဒေသများကို အမာခံပြုထားသော ယခုခေတ်မြန်မာနိုင်ငံကို ဘီစီ သုံးရာစုအထက်က 'စောပိုး' ဟူ၍ လည်းကောင်း၊ ဘီစီ ၂၀၂ ခုမှ အေဒီ ၂၆၃ ခုနှစ်အထိ တရုတ်နိုင်ငံတွင် စိုးစံခဲ့ကြသော တန်မင်းဆက် ဘုရင်များ၏ နန်းတွင်းမှတ်တမ်းများအရ 'တန်' ဟူ၍ လည်းကောင်း ရည်ညွှန်းလေ့ရှိကြ၏။ သို့ရာတွင် အေဒီ ၆၁၈ ခုမှ ၉၀၇ ခုနှစ်အထိ တရုတ်နိုင်ငံတွင် စိုးစံခဲ့ကြသော တန်မင်းဆက်ဘုရင်များ၏ နန်းတွင်းမှတ်တမ်းများတွင် 'ပီယော' သို့မဟုတ် 'ပျူ' ဟူ၍ လည်းကောင်း၊ အေဒီ ၉၆၀ ခုမှ ၁၂၇၉ ခုနှစ်အထိ တရုတ်နိုင်ငံတွင် စိုးစံခဲ့ကြသော ဆွန်မင်းဆက်ဘုရင်များ၏ မှတ်တမ်းများတွင်မူကား ပီယော သို့မဟုတ် ပျူ ဟူ၍ အလျှင်း ရည်ညွှန်းခြင်း မပြုတော့ဘဲ 'မီယင်' သို့မဟုတ် 'မြန်မာ' ဟု ပြောင်းလဲ ရည်ညွှန်းခဲ့၏။ ဆွန်မင်းဆက် ဘုရင်များနောက်ပိုင်း တရုတ်နိုင်ငံကို ဆက်ခံခဲ့ကြသော ယွန်းမင်းဆက်များမှ အစပြုကာ မန်ချူးမင်းဆက်ဘုရင်များအထိ အပြောင်းအလဲ မရှိ၊ 'မီယင် သို့မဟုတ် မြန်မာ' ဟူ၍သာ အစဉ်တစိုက် ရည်ညွှန်းခဲ့ကြ၏။ အထူးသဖြင့် တရုတ်နိုင်ငံတွင် ယွန်းမင်းဆက် စတင်ထူထောင်သော ကူဗလိုင်ခန်၏ အတိုင်ပင်ခံ နိုင်ငံရေးအရာရှိကြီးတစ်ဦး ဖြစ်သူ မာကိုပိုလိုကလည်း ၎င်း၏ ထင်ရှားကျော်ကြားခြင်း ရှိသော ခရီးသွားမှတ်တမ်းစာအုပ်တွင် 'ဗန်းမော်မြို့မှ မြင်းစီး၍ ခရီး ၁၅ ရက်ခန့် သွားပါလျှင် အလွန်တရာခမ်းနားကြီးကျယ်သော မြန်မာတို့၏ မင်းနေပြည်တော်သို့ ရောက်ရှိသွားပေလိမ့်

m g y o e . c o m

mgyoe.com

မည်။ မြန်မာမင်းနေပြည်တော်သည် စေတီပုထိုးများဖြင့် ပြည့်နှက်လျက် ရှိကြောင်း၊ ယင်းစေတီပုထိုးများကို ရွှေချထားလေ့ ရှိကြောင်း၊ စေတီပုထိုးများ၏ ထိပ်တွင် ရွှေဆည်းလည်း၊ ငွေဆည်းလည်းများ တပ်ဆင်ထားသော ထီးတော် ရှိကြောင်း၊ လေသင့်လာတတ်သော အခါများတွင် ယင်း ဆည်းလည်းသံများသည် အလွန် တရာ သာယာနာပျော်ဖွယ်ရာနှင့် ကြည်နူးဖွယ်ရာ ကောင်းလှပေကြောင်း' အစ ရှိသည်ဖြင့် ၄င်းကိုယ်တိုင်ကိုယ်ကျ ရောက်ရှိ မြင်တွေ့ခဲ့ရသည့်အလား ဖွဲ့ဖွဲ့နွဲ့နွဲ့ ရေးသားဖော်ပြထားခဲ့သည် မဟုတ်သလော။

မည်ကဲ့သို့ပင်ဖြစ်စေ ၁၀ ရာစုနှစ်များ ကုန်ဆုံး၍ ၁၁ ရာစုနှစ်များ ဆန်း လာလျှင်ပင် မြန်မာလူမျိုးနှင့် ပုဂံရွှေပြည်တော်တို့၏ အဖြစ်အပျက်နှင့် အကြောင်း အရာများသည် တစ်စထက်တစ်စ ဒဏ္ဍာရီနှင့် စကားပုံပြင်များ ဘဝအခြေမှ လွတ်ကျွတ်ကာ ခြေခြေမြစ်မြစ်နှင့် ပီပီပြင်ပြင် ဖြစ်လာ၏။ ကြည်ကြည်လင်လင် နှင့် ထင်ထင်ရှားရှား ဖြစ်လာ၏။ ၁၁ ရာစုနှစ်များ အကုန်နှင့် ၁၂ ရာစုနှစ်များ အဆန်းပိုင်းလောက်တွင် မြန်မာတို့သည် နှလုံးရည်အရရော လက်ရုံးရည်အရပါ ထက်မြက်သော ခေါင်းဆောင်ကြီး နှစ်ဦးကို ရရှိလိုက်ကြ၏။ ယင်းကြီးမြတ်သော ခေါင်းဆောင်ကြီးနှစ်ဦးမှာ အနော်ရထာနှင့် ကျန်စစ်သားတို့ ဖြစ်ကြ၏။ ယင်း ခေါင်းဆောင်ကြီးများ လက်ထက်လောက်မှ စတင်ကာ မြန်မာ့ဦးစွန်း ပေါ်ထွန်း လာ၏။ မြန်မာတို့သည် လူမျိုးတစ်မျိုးအဖြစ်ဖြင့် ရုံးစည်းကာ ပီပီပြင်ပြင် ဖြစ်လာ၏။ စာပေနှင့် ယဉ်ကျေးမှုနှင့် ဖြစ်လာ၏။ မြန်မာတို့ ဖွဲ့စည်း ထူထောင်ကြ သော ပုဂံရွှေပြည်သည်လည်း အချုပ်အခြာ အာဏာပိုင်သော နိုင်ငံတစ်နိုင်ငံ အဖြစ် ဖြင့် အိမ်နီးချင်းတိုင်းနိုင်ငံများနှင့် ထီးဆောင်းဘုရင်အပေါင်း၏ အသိအမှတ် ပြုခြင်း နှင့် ရိုသေခံ့ညားခြင်း ခံလာခဲ့ရပြီ မဟုတ်သလော။

(၅)

အနော်ရထာမင်းစောသည် မွန်လူမျိုးများ၏ ထင်ရှားကြီးကျယ်ခြင်း ရှိသော သုဝဏ္ဏ ဘူမိတိုင်းမှ ထေရဝါဒ ဗုဒ္ဓသာသနာတော်ကို ပုဂံရွှေပြည်တော်သို့ သယ်ပိုး ဆောင် ကြဉ်းပေးခဲ့သော ရွှေစည်းခုံစေတီတော် ဒါယကာအဖြစ်ဖြင့် ရာဇဝင်ကြီးများက အလေးပေး ဖော်ပြခြင်း ခံရ၏။ ပုဂံသည် သုဝဏ္ဏဘူမိတိုင်းမှ ဝတ်ပြု ကိုးကွယ်မှု ဆိုင်ရာ ယဉ်ကျေးမှုတစ်ခုတည်းသာ ဆက်ခံခဲ့ရသည် မဟုတ်ပေ။ မြန်မာတို့ထက်

mgyoe.com

mgyoe.com SAMPLE BOOK


ရှေးဦးစွာ ဖွံ့ဖြိုးတိုးတက်နှင့်သော မွန်လူမျိုးများထံမှ စာပေ အနုပညာနှင့် အရပ်ရပ်ယဉ်ကျေးမှုများပါ လက်ခံရရှိခဲ့ကြ၏။

အနော်ရထာမင်းစောကို ဆက်ခံသော ကျန်စစ်သားသည် မွန်နှင့် မြန်မာလူမျိုးနှစ်ဦးတို့ သင့်တင့်ညီညွတ်အောင် ပေါင်းကူး ဆက်စပ်ပေးခဲ့သော ညီညွတ်ရေးဗိသုကာကြီးတစ်ဦး အနေဖြင့် လည်းကောင်း၊ အံ့ဩလောက်ဖွယ် အာနန္ဒာ စေတီတော်၏ ဒါယကာအဖြစ်ဖြင့် လည်းကောင်း ရာဇဝင်နှင့် သမိုင်းဆရာများ၏ အောက်မေ့ လွမ်းဆွတ်ခြင်းခံရသော ခေါင်းဆောင်ကြီးတစ်ဦး ဖြစ်၏။ ထိုမင်းသည် အနော်ရထာမင်းစော၏ တည်လက်စ ရွှေစည်းခုံ စေတီတော်ကိုသာ အပြီးတည်ခဲ့သည် မဟုတ်။ နိုင်ငံတော်စည်းလုံးရေး၊ ထူထောင်ရေးနှင့် ဖွံ့ဖြိုးရေး စသောလက်ငုပ်လက်ရင်း လုပ်ငန်းအရပ်ရပ်များကိုပါ ဆက်လက် သယ်ပိုးခဲ့သူ ဖြစ်၏။

ယင်းမင်းနှစ်ပါး နောက်ပိုင်း မြန်မာလူမျိုးနှင့် ပုဂံရွှေပြည်ကို ဆက်လက်ဦးဆောင်ခဲ့ကြသော နိုင်ငံတော် အကြီးအကဲများနှင့် ခေါင်းဆောင်များထဲတွင် အလောင်းစည်သူနှင့် မြေးတော်ဖြစ်သော နရပတိစည်သူတို့သည်လည်း ကြီးမြတ်သူများ ဖြစ်ကြ၏။ ယင်းမင်းနှစ်ပါးတို့သည် နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားအတွက် စွမ်းစွမ်းတမံ သယ်ပိုးဆောင်ကြဉ်းခဲ့ကြသူများ အဖြစ်ဖြင့် အောက်မေ့ခြင်း ခံရသူများ ဖြစ်၏။ ခမည်းတော်၏ အမျက်ခံရသဖြင့် နေပြည်တော်တွင် နေထိုင်ခွင့် မရခဲ့သော မင်းသားကြီး မင်းရှင်စောသည်လည်း ကြီးမြတ်သော ခေါင်းဆောင်ကြီးတစ်ဦးဟု ဆိုနိုင်ရာ၏။ ယင်းမင်းသားကြီးသည် မန္တလေးခရိုင်အတွင်း ပြည်သူများ တစ်နှစ် သုံးသီးစားရအောင် အောင်ပင်လယ်နှင့် တမုဆိုးကန်များ တူးဖော်ပေးခဲ့သော ဗိသုကာကြီး ဖြစ်သည် မဟုတ်သလော။

သို့ရာတွင် ယင်းတို့နောက်ပိုင်း ပုဂံရွှေနန်းကို ဆက်ခံစိုးစံခဲ့ကြသော မြန်မာမင်းဆက် ဘုရင်များမှုကား အရည်အချင်းနှင့် လည်းကောင်း၊ အမြော်အမြင်နှင့် လည်းကောင်း ပြည့်စုံကြသူများ မဟုတ်ကြတော့ပေ။ အချို့သော အကြီးအကဲများသည် နိုင်ငံတော်ဖွံ့ဖြိုးရေး လုပ်ငန်းများကို ထားဘိဦး၊ နိုင်ငံတော်လုံခြုံရေးနှင့် ကာကွယ်ရေးလုပ်ငန်းများကိုပါ အလေးထားရကောင်းမှန်းပင် မသိကြတော့ချေ။ အရေးမထားကြတော့ပေ။ အချို့သော နိုင်ငံတော်အကြီးအကဲများသည် ဥပုသ် ဇရပ်များ၌သာ အချိန်ကုန်လွန်လျက် ရှိသကဲ့သို့ အချို့သော အကြီးအကဲများက အပျော်အပါးလုပ်ငန်းများ၌သာ နစ်မွန်းလျက် ရှိကြ၏။ ယင်းသို့ဖြင့်

mgyoe.com

mgyoe.com
SAMPLE BOOK


နရသီဟပတေ့မင်း လက်ထက်သို့ ရောက်ရှိသောအခါ နိုင်ငံတော်အကြီးအကဲ၏ အရည်အချင်း ညံ့ဖျင်းမှုနှင့် မိုက်မဲမှုသည် အထွတ်အထိပ်သို့ တိုင်လေ၏။

အနော်ရထာမင်းစောသည် မြန်မာတို့ကို လူမျိုးတစ်မျိုးအဖြစ်ဖြင့် မွေးဖွားပေးခဲ့သော ဝမ်းဆွဲတစ်ဦးမျှသာ မဟုတ်။ ပုဂံရွှေပြည်ကို ထီးဆောင်းမင်း အပေါင်းတို့က ရှိသေခံညားလာရအောင် အခိုင်အခံ့ အုတ်မြစ်ချ ထူထောင်ပေးခဲ့သော ဗိသုကာကောင်း တစ်ဦးပါ ဖြစ်၏။ ထိုမင်းသည် ရဟန်းရှင်လူ ပြည်သူအများ၏ အကျိုးစီးပွားအတွက် ဆည်၊ မြောင်း၊ ကန်၊ ချောင်းနှင့် လယ်ယာပေါင်း အမြောက်အမြား တိုးချဲ့ရာတွင် ကြပ်မတ်ခဲ့၏။ နိုင်ငံတော်၏ လုံခြုံရေးအတွက် စနစ်ကျသော ရာပြူ ထောင်ပြူ စသော မြို့ပြအုပ်ချုပ်ရေးကို ထူထောင်၏။ နိုင်ငံတော်၏ ကာကွယ်ရေးအတွက် ပုဂံရွှေပြည်၏ အရှေ့ဘက်တစ်လွှားတွင် ကင်းမြို့ ၄၃ မြို့မျှ အခိုင်အခံ့ ဖွဲ့စည်းခဲ့သည် မဟုတ်သလော။ ရခိုင်ပြည် ပြင်စာအရပ်တွင် စိုးစံလျက်ရှိသော ရခိုင်အမျိုးသား အကြီးအကဲများကို စည်းရုံး သိမ်းသွင်းခဲ့သလို ဥသာ ပဲခူးတွင် စိုးစံလျက်ရှိသော မွန်လူမျိုး အကြီးအကဲများ၏ အားပေး ထောက်ခံမှုများကို ရယူခဲ့၏။ ဂျွမ်းစစ်သားများ၏ အန္တရာယ်မှ ပဲခူးကို အကာအကွယ် ပေးခဲ့ဖူးသည့် အကြောင်းကို မြန်မာရာဇဝင်များက တခမ်းတနား ရေးသား ဖော်ပြတတ်ကြ၏။

ကျန်စစ်သားမူကား အနော်ရထာမင်းစော၏ လက်ငုတ်ကို ကောင်းစွာ လက်ခံကာ မြန်မာလူမျိုးနှင့် ပုဂံရွှေပြည်ကို တည်တံ့ခိုင်မြဲအောင်နှင့် ကြီးမြတ်အောင် ဦးစီးရှေ့ဆောင်သူ ဖြစ်၏။ ထိုမင်းလက်ထက် တိုင်းပြည် အေးချမ်းသာယာ၏။ ပြည်သူပြည်သားများ ဝလင်၏။ နိုင်ငံတော်၏ ဥစ္စာစီးပွားနှင့် ဂုဏ်ကျက်သရေလည်း တိုးတက်၏။ အိမ်နီးချင်း တိုင်းနိုင်ငံနှင့် ထီးဆောင်းဘုရင် အပေါင်းတို့၏ ရှိသေလေးစားခြင်း ခံရ၏။ တရုတ်နန်းတွင်း မှတ်တမ်းများ၏ ဖော်ပြချက်အရ သက္ကရာဇ် ၁၁၀၆ ခုနှစ်တွင် ပုဂံရွှေပြည်မှ မြန်မာသံအဖွဲ့ဝင်များ တရုတ်နေပြည်တော်သို့ ဆိုက်ရောက်ကြသောအခါ ကိုယ်ကလွဲလျှင် အခြားသူများကို အရိုင်းအစိုင်းများအနေလောက် သဘောထား ဆက်ဆံတတ်ကြသော တရုတ်ကေရာဇ်ဘုရင်နှင့် မှူးကြီး မတ်ကြီးများက မြန်မာသံအဖွဲ့ကို အချုပ်အခြာအာဏာပိုင်သော နိုင်ငံတစ်နိုင်ငံမှ သံအဆောင်အယောင် အဆင့်အတန်းများ ပေးကာ လေးလေးစားစား ဆက်ဆံခဲ့ကြသည် ဆို၏။

ယင်းမင်းနှစ်ပါး မရှိကြပြီးနောက် ပုဂံနန်းဆက် ဘုရင်များတွင် အလောင်း

mgyoe.com

mgyoe.com SAMPLE BOOK


စည်သူနှင့် နရသီဟပတေ့ မင်းဆက်ဘုရင်များ နန်းသက်အတွင်း နိုင်ငံတော်၏ အရပ်ရပ် အခြေအနေများကို ထိန်းသိမ်းနိုင်စွမ်း ရှိကြ၏။ အလောင်းစည်သူသည် မန္တလေးဘက်တွင် နန္ဒာကန်နှင့် မောင်းမကန်များကို ဆည်သည် ဆို၏။ နိုင်ငံတော်၏ ကူးသန်းရောင်းဝယ်ရေး လုပ်ငန်းများကိုလည်း စနစ်တကျဖြစ်အောင် စီမံခန့်ခွဲ၏။ မြန်မာရာဇဝင်ကြီးများက ၄င်းကို သဗ္ဗညုစေတီတော်၏ ဒါယကာ အဖြစ်ဖြင့် အောက်မေ့ဖော်ပြလေ့ ရှိကြ၏။ အလောင်းစည်သူ၏ မြေးတော်ဖြစ်သော နရပတိ စည်သူမင်းသည်လည်း နိုင်ငံတော်၏ အဓိကစီးပွားရေးလုပ်ငန်းကြီး ဖြစ်သော စိုက်ပျိုးရေးလုပ်ငန်းကို များစွာ တိုးချဲ့ဆောင်ရွက်၏။ ရွှေဘိုနယ် မူးချောင်းနှင့် ကျောက်ဆည်နယ် ဆည်မြောင်း အများအပြား တူးဖော် ချဲ့ထွင်ခဲ့သည် ဆို၏။ ထိုမင်းလက်ထက် ပုသိမ်သည် နိုင်ငံခြား ကူးသန်းရောင်းဝယ်ရေး ဆိပ်ကမ်းမြို့ကြီး တစ်မြို့အဖြစ် အရှေ့တောင်အာရှတွင် ထင်ရှား ကျော်ကြား၏။

သို့ရာတွင် ယင်းမင်းနှစ်ပါးနောက်ပိုင်း ပုဂံရွှေပြည်ကို ဆက်လက်ဦးဆောင်ကြသော အကြီးအကဲများမှုကား အရည်အသွေး နိမ့်ကျသူများလောက်သာ ဖြစ်ကြ၏။ နရပတိစည်သူကို ဆက်ခံသော နန်းတောင်းများ ခေါ် ဇေယျာသင်္ခမင်းကို ပြည်သူများ နှစ်လိုကြည်ဖြူကြောင်း ရာဇဝင်ကြီးများသည် ဖော်ပြကြသော်လည်း ဘုရားပုထိုး တည်သော သာသနာရေးလုပ်ငန်းများမှတစ်ပါး အခြားနိုင်ငံတော်လုပ်ငန်းများကို ဖော်ပြနိုင်ခြင်း မရှိတော့ပေ။ ကျစွာမင်း နန်းသက်အတွင်း နန်းကျောက် ခေါ် ယူနန်နယ်မှ ထိုင်းလူမျိုးများသည် ပုဂံရွှေပြည်အစပ်သို့ ထိုးဖောက် ဝင်ရောက်လျက် ရှိလာကြပြီ ဖြစ်၏။ သို့ရာတွင် ထိုနိုင်ငံတော်၏ အကြီးအကဲသည် ရွှေနန်းတော်အတွင်း တစ်နေ့ ခုနစ်ဝါ စာချကာ ပရမတ္ထဗိန္ဒုနှင့် သဒ္ဒဗိန္ဒုကျမ်းများကိုသာ ပြုစုလျက်ရှိကြောင်း ရာဇဝင်ကြီးများက တခမ်းတနား ပြောပြကြ၏။ အထူးသဖြင့် ၁၃ ရာစုနှစ်များ၏ ဒုတိယရာစုဝက်ပိုင်း အစလောက်တွင် ပုဂံရွှေနန်းကို ဆက်ခံခြင်းပြုရသော ဥဇနာမင်း လက်ထက်တွင်မှုကား ပုဂံရွှေပြည်၏ အရပ်ရပ် အခြေအနေများသည် များစွာ လှုပ်ရှားယိမ်းယိုင်လျက် ရှိလေပြီ။ ထိုမင်းကို သေစာသောက်စားမှုနှင့် အပျော်အပါး၌သာ အချိန်ကုန်လွန်လေ့ရှိသော နိုင်ငံတော်၏ ဦးသျှောင်အဖြစ်ဖြင့် ရာဇဝင်များက ဖော်ပြထားကြသည် မဟုတ်သလော။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ၅။ ပုဂံရွှေပြည်၏ နန်းတွင်းရေး

(၁)

ပုဂံမင်းဆက်၏ ဒုတိယနောက်ဆုံးဘုရင် ဖြစ်သူ ဥဇနာမင်းကြီး ရုတ်တရက် နတ်ရွာစံသွားသော အချိန်တွင် ပုဂံပြည်သူ၊ ပုဂံရွှေပြည်နှင့် ပုဂံမင်းဆက်များ၏ ကြမ္မာသည် အမတ်စစ်သူကြီး ရာဇသင်္ကြန်၏ ပခုံးထက်သို့ ကျရောက်လာ၏။

မင်းကြီးသည် နေပြည်တော်၌ သော်လည်းကောင်း၊ သလွန်ညောင်စောင်းထက်တွင် သော်လည်းကောင်း ရိုးရိုးသားသား ကြမ္မာကုန်ကာ နတ်ရွာလားခြင်းလည်း မဟုတ်။ သူ အထုံဝါသနာ အားကြီးသော ဆင်ကျော့ရင်း နေပြည်တော်နှင့် များစွာ ဝေးလံသော ဒလသစ်တောကြီးများအတွင်း ဆင်ထိကာ ရုတ်တရက် နတ်ရွာစံခဲ့ရခြင်း ဖြစ်၏။ ထိုသတင်းသည် များစွာအရေးကြီးသော သတင်းတစ်ရပ်ဖြစ်ရကား ဘုရင်မင်းမြတ်နှင့်အတူ ဆင်ဖမ်းရန် လိုက်ပါသွားခဲ့သော အမတ်စစ်သူကြီး၏ သားကြီးဖြစ်သော တပ်မှူး အုတ်လှကြီးက အထူးဆက်သား လွှတ်၍ ချိပ်ပိတ်ထားသော စာအိတ်နှင့် သတင်းပို့ခဲ့ခြင်း ဖြစ်၏။

အုတ်လှကြီးထံမှ ချောစာအိတ်ကို ဖွင့်၍ ဖတ်ရှုပြီးလျှင်ပြီးချင်း အမတ်ကြီး ရာဇသင်္ကြန်သည် မျက်မှောင်ကြုတ်လျက် ရှိ၏။ သက်ပြင်းကိုလည်း ချလျက်ရှိ၏။ ပုဂံရွှေပြည်တော်တွင် ထိုသတင်းကို ပထမဦးဆုံး ကြားသိရသော နိုင်ငံ့

mgyoe.com

mgyoe.com
SAMPLE BOOK


ဝန်ထမ်းတစ်ဦး အနေနှင့် အမတ်စစ်သူကြီးသည် နိုင်ငံတော်၏ နောင်ရေးကို လေးလေးနက်နက် စဉ်းစားတွက်ချက်နေပုံ ရ၏။ ပုဂံပြည်သူ၊ ပုဂံရွှေပြည်နှင့် ပုဂံမင်းဆက်တို့၏ ကြမ္မာကို အဘယ်နည်း အဘယ်ပုံ ဆောင်ကြဉ်း သယ်ပိုးရပါမည်နည်း။

ရာဇသင်္ကြန်သည် နှလုံးကောင်း၊ လက်ရုံးကောင်း အမတ်စစ်သူကြီး ဖြစ်ရုံသာမက အကြားအမြင်များသူ တစ်ဦးပါ ဖြစ်၏။ အဆင်ခြင် အတွက်ချက်ကောင်းသူတစ်ဦး အဖြစ်ဖြင့်လည်း ထင်ရှားကျော်ကြားသူ ဖြစ်၏။ တစ်ဖက်တွင်လည်း နိုင်ငံ့ဝန်ထမ်းတစ်ဦး အနေနှင့် သူ့တွင် ကြီးလေး များပြားသော တာဝန်ဝတ္တရားများ ရှိ၏။ ထို့ကြောင့် ဘုရင်မင်းမြတ် ဒလသစ်တောကြီးများအတွင်း ရုတ်တရက် နတ်ရွာစံသွားသော သတင်းနှင့် ဆက်စပ်ကာ နိုင်ငံတော်၏ အနာဂတ် အရေးအခင်းများနှင့် အလားအလာများ အကြောင်း နိုင်ငံ့ဝန်ထမ်း အကြီးအကဲ တစ်ဦးအနေနှင့် အမတ်စစ်သူကြီး ဖြစ်သော ရာဇသင်္ကြန်သည် လေးလေးနက်နက် စဉ်းစားတွက်ချက်နေရခြင်း ဖြစ်ဟန်တူ၏။ မျက်မှောင်ကြုတ်လျက် ရှိနေရခြင်းလည်း ဖြစ်တန်ရာ၏။

(၂)

ပုဂံနှင့် အိမ်နီးချင်း တိုင်းပြည်ကြီးတစ်ပြည် ဖြစ်သော တရုတ်နိုင်ငံတွင် မင်းပြောင်းမင်းလွဲ အရေးအခင်းများနှင့် ပတ်သက်၍ နိုင်ငံရေးနှင့် စစ်မက်ရေးများ မငြိမ်မသက် ဖြစ်ပွားနေသည် ဆိုသော သတင်းများ ရရှိထား၏။ မိမိတို့နှင့် အိမ်နီးချင်း တိုင်းပြည်များတွင် ယခုကဲ့သို့ မငြိမ်မသက် ဖြစ်ပွားနေသည် ဆိုသော သတင်းသည် သတင်းကောင်းတစ်ရပ် မဟုတ်ပေ။ သို့ရာတွင် နှစ်နိုင်ငံ အစပ်တွင် တာဝန်ပေးထားသော နယ်ခြားစောင့်တပ်မှူး စစ်ကဲများထံမှ ရရှိထားသော သတင်းများမှာ ပြည့်ပြည့်စုံစုံ မဟုတ်သေးပေ။ မည်ကဲ့သို့ပင်ဖြစ်စေ ရင်မအေးဖွယ်ရာ သတင်းများသာ ဖြစ်၏။

ယင်းသတင်းနှင့် တစ်ဆက်တည်းမှာပင် နန်းကျောက်နိုင်ငံ ထိုင်းလူမျိုးများ၏ လှုပ်ရှားမှု သတင်းများလည်း ရှိသေး၏။ နန်းကျောက်နှင့် ပုဂံတို့သည် အဆက်အဆံ များပြားသော အိမ်နီးချင်း တိုင်းပြည်များ ဖြစ်ကြ၏။ ယင်းနိုင်ငံသား ထိုင်းလူမျိုးများ လှုပ်လှုပ်ရှားရှား ဖြစ်နေကြသည် ဆိုသော သတင်းသည်လည်း

mgyoe.com

mgyoe.com


သတင်းကောင်း တစ်ရပ် မဟုတ်ပေ။ များစွာ အလေးဂရုပြုရမည့် အရေးအခင်း ဖြစ်သည် မဟုတ်သလော။ ယင်းထိုင်းလူမျိုးများ၏ ဖိစီးမှုကို ဟန့်တားရန်အတွက် အနော်ရထာမင်းကြီး လက်ထက်မှ အစပြုကာ ပုဂံပြည်၏ အရှေ့ဘက် တစ်လွှား တွင် ကင်းမြို့များ တည်ဆောက်ကာ ကင်းတပ်များ ချထားခဲ့ရသည်ပင် ဖြစ်သည် မဟုတ်သလော။ များမကြာမီက ယင်းနန်းကျောက်နိုင်ငံသား ထိုင်းလူမျိုး အများ အပြားသည် အာသံ၊ ပုဂံမြောက်ဘက်နှင့် အရှေ့ဘက် အရပ်ဒေသများ တစ်လွှား သို့ အလုံးအရင်းနှင့် ထိုးဖောက် စိမ့်ဝင်လျက် ရှိကြသည် ဆိုသော သတင်းများ လည်း ရရှိထား၏။

ယင်းသို့ တရုတ်နှင့် ထိုင်းလူမျိုးများ၏ အရပ်ရပ် လှုပ်ရှားမှုနှင့် အရေး အခင်းများအပြင် ပုဂံရွှေပြည်တစ်လွှား အခြားရင်လေးဖွယ်ရာ အရေးအခင်းနှင့် သတင်းများလည်း ရှိသေး၏။ ပုဂံပြည်တောင်ဘက် တစ်လွှားတွင် မွန်နှင့် သက် လူမျိုးများ ရှိကြ၏။ ပုဂံနိုင်ငံတော်ကို ရုံးစည်း ထူထောင်ခဲ့ကြစဉ် သမိုင်းကာလ များက မြန်မာတို့နှင့်အတူ ရင်ဖေါင်တန်း ပါဝင်ခဲ့သော နိုင်ငံသားများ ဖြစ်ကြ၏။ သို့ရာတွင် ယင်း မွန်နှင့် သက်လူမျိုး အကြီးအကဲများသည် ပုဂံပြည်တည်ထောင် ခါစ အချိန်ကာလများတုန်းကကဲ့သို့ အလေးထားခြင်း မခံရတော့သဖြင့် နောက် ပိုင်း ပုဂံမင်းဆက် ဘုရင်များအပေါ် များစွာ မကျေမနပ် ဖြစ်နေကြသည် ဆိုသော သတင်းများလည်း ရှိ၏။ အမတ်ကြီးသည် မင်းလုလင် နန်းသက်ကာလများ အတွင်း ဖြစ်ပွားပေါ်ပေါက်ခဲ့ဖူးသော မွန်လူမျိုးများ၏ အရေးအခင်းနှင့် အလောင်း စည်သူမင်းကြီး လက်ထက် ဖြစ်ပွားခဲ့ရသော သက်လူမျိုးများ၏ ထကြွလှုပ်ရှားမှု များကို ကောင်းစွာ နှလုံးသွင်းရ၏။ လူမျိုးတစ်မျိုးထက်ပို၍ စုဝေးနေထိုင်ကြ ရသော တိုင်းနိုင်ငံတစ်ခုတွင် လူမျိုးတိုင်းအတွက် တန်းတူရည်တူ အခွင့်အရေး များ ရှိကြရမည် ဖြစ်သည် မဟုတ်သလော။ လူမျိုးတစ်မျိုးကို အခြား လူမျိုး တစ်မျိုးက ရိုသေလေးစားခြင်း ရှိရမည် ဖြစ်သည် မဟုတ်သလော။ ဘုတ်နှင့် ကျီးတို့သည်ပင် တစ်ဦးကိုတစ်ဦး ရိုသေကြရ၏။

မွန်နှင့် သက်လူမျိုးများနည်းတူ အနောက်ရိုးမ တောင်တန်း၏ တစ်ဖက် တွင်ရှိနေကြသော ရခိုင်လူမျိုး အကြီးအကဲများကလည်း မြန်မာတို့နှင့် တစ်စတစ်စ အနေစိမ်းလာကြ၏။ ပုဂံပြည် စတင်တည်ထောင်ကြစဉ် ကာလများက တစ်ဦးနှင့် တစ်ဦး ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ကြသော်လည်း ယခုအခါ အဆက်အဆံများ ပြတ်

mgyoe.com

m gyoe.c o m

တောက်သလောက် ဖြစ်နေ၏။ ရခိုင်နှင့် မြန်မာတို့ ထိုသို့ အနေစိမ်းလာခြင်းသည် ပုဂံရွှေပြည်တော်အတွက် ကောင်းသော လက္ခဏာ မဟုတ်ချေ။ များစွာ ရင်လေးဖွယ်ရာ၊ စိုးရိမ်ဖွယ်ရာကောင်းသော အရေးကိစ္စကြီး တစ်ရပ်ပင် ဖြစ်၏။

ဤကဲ့သို့ တရုတ်နှင့် ထိုင်းလူမျိုးများ၏ အရေးအခင်းနှင့် မွန်၊ သက်နှင့် ရခိုင်လူမျိုးများ၏ ပြဿနာများအပြင် ပုဂံရွှေပြည်၏ ပြည်ထဲရေး အခြေအနေများကလည်း များစွာ ကောင်းမွန်သာယာခြင်း ရှိလှသည်ကား မဟုတ်ပေ။ ရင်လေးဖွယ်ရာ အကြောင်းများစွာ ရှိ၏။ အထူးသဖြင့် ပုဂံရွှေပြည် တစ်လွှားတွင် စုဝေးနေထိုင်လျက် ရှိကြသော မြန်မာလူမျိုးများ၏ စီးပွားရေးဘဝပင် ဖြစ်၏။

ပုဂံပြည် စတင်တည်ထောင်ခါစ အချိန်က မြန်မာတို့သည် အလွန်တရာအားမာန် တက်ကြွခဲ့ကြသော လူမျိုးများ ဖြစ်ကြသည် မဟုတ်သလော။ ယင်းလူမျိုးများသည် ဆည်မြောင်း၊ ကန်ချောင်းများကို တူးဖော်ကာ လယ်ပယ်တော်တော်များများ တိုးချဲ့ခဲ့ကြ၏။ ဓနဥစ္စာ အတော်များများ ထုတ်လုပ်ခဲ့ကြ၏။ နိုင်ငံတော်တည်တံ့ရေးနှင့် ကာကွယ်ရေးများအတွက် ရာပြု ထောင်ပြု မြို့ကြီးများကို ဖွဲ့စည်း တည်ထောင်ခဲ့ကြ၏။ နိုင်ငံတော် နယ်စပ်တစ်လျှောက်တွင် ကင်းမြို့များကို ဖွဲ့စည်း တည်ထောင်ခဲ့ကြ၏။ ပြည့်ရှင်မင်းနှင့် မင်းညီမင်းသွေးများ၏ ကောင်းမှုကုသိုလ်အတွက် ဘုရားပုထိုးများနှင့် ကျောင်းကန်များ ဆောက်လုပ်ခဲ့ကြသည် မဟုတ်သလော။

သို့ရာတွင် နောက်ပိုင်း ပုဂံမင်းဆက်ဘုရင်များသည် ပြည်သူ ပြည်သားများ၏ အကျိုးစီးပွားကို အလျှင်း အရေးမထားကြတော့ချေ။ ယခင် မင်းကောင်းမင်းမြတ်များကဲ့သို့ ဆည်၊ မြောင်း၊ ကန်၊ ချောင်းများ တိုးချဲ့ရေးနှင့် လယ်ပယ်ဖွံ့စည်းရေး စသော တိုင်းပြုပြည်ပြု လုပ်ငန်းရပ်များကိုလည်း အမှုမထားကြတော့ချေ။ ကောင်းမှုကုသိုလ် ပြုရေးနှင့် ပျော်ရေးပါးရေး ကိစ္စများလောက်နှင့်သာ အချိန်ကုန်လွန်လျက် ရှိကြပြီ မဟုတ်သလော။ ယင်းသို့ နိုင်ငံတော်၏ အကြီးအကဲများနှင့် ဦးစီးရှေ့ဆောင်များ၏ မိုက်မဲမှုကြောင့် ပုဂံပြည်၏ စီးပွားရေးသည် များစွာ ဆုတ်ယုတ်ပျက်ပြားလျက် ရှိ၏။ နိုင်ငံတော် ကူးသန်း ရောင်းဝယ်ရေးသည်လည်း ဆွံ့အ,ခဲ့ရ၏။ ထို့ကြောင့် ပြည်သူ ပြည်သားများ၏ အကျင့်စာရိတ္တပျက်ပြားမှုနှင့် ခိုးသား ဓားပြ ထူပြောမှုများသည် ကြောက်ခမန်းလိလိ ဖြစ်ပွားလျက် ရှိ၏။

mgyoe.com

mgyoe.com

ဤကဲ့သို့သော ပတ်ဝန်းကျင်နှင့် ဘဝအခြေအနေများတွင် ပုဂံပြည်သူ၊ ပုဂံရွှေပြည်နှင့် ပုဂံမင်းဆက်ဘုရင်များ၏ ကြမ္မာကို အဘယ်သို့ အဘယ်ပုံ ဆောင်ကြဉ်း သယ်ပိုးရပါမည်နည်း။ ရာဇသင်္ကြန်သည် နိုင်ငံတော်၏ တာဝန်အရှိဆုံး ဝန်ထမ်းတစ်ဦး ဖြစ်သည် မဟုတ်သလော။ ဒလ သစ်တောကြီးများအတွင်းမှ အထူးဆက်သားများ အရေးတကြီး ယူဆောင်လာသော ချောစာအိတ်ကို ဖွင့်၍ ဖတ်ရှု ပြီးစီးသွားသောအခါ ပုဂံရွှေပြည်တော်၏ အမတ်စစ်သူကြီးသည် မျက်မှောင်ကြုတ်လျက် ရှိ၏။ သက်ပြင်းကိုလည်း မကြာမကြာ ချ၏။

(၃)

မျက်မှောင်ကြုတ်ရင်း အမတ်ကြီး ရာဇသင်္ကြန် ပထမဦးစွာ သတိရ စဉ်းစားမိသူမှာ မိဖုရားစောပင် ဖြစ်၏။ ထိုမိဖုရားသည် ယခုအခါ နေပြည်တော်၌ မရှိပေ။ မင်းကြီးနှင့်အတူ လိုက်ပါသွားရသဖြင့် ဒလသို့ ရောက်ရှိနေ၏။

မိဖုရားစောသည် မင်းညီမင်းသွေးထဲက မဟုတ်ပေ။ ဆိတ်ထိန်းကမ်းဖြူရွာမှ မထင်မရှား မိန်းကလေး တစ်ဦးတစ်ယောက်မျှသာ ဖြစ်၏။ ဘုရင်မင်းမြတ်သည် ပုပ္ပားတောင်သို့ အလည်အပတ် သွားလာရင်း အညတြ မိန်းမငယ်ကို ခရီးသွားဟန်လွှဲ တွေ့ဆုံခဲ့ရဟန် တူ၏။ အစောသည် ရွာသူ မိန်းကလေးတစ်ယောက်သာ ဆိုရသော်ငြားလည်း များစွာ ပြေပြစ်ချောမောသူ ဖြစ်၏။ ထိုမျှသာ မဟုတ်သေး၊ လိမ္မာရေးခြားရှိသော၊ ပါးနပ်သော မိန်းကလေးတစ်ဦးလည်း ဖြစ်၏။

ဥဇနာမင်းသည် ထိုမိန်းကလေးကို များစွာ တပ်မက်ငြိတွယ်ခဲ့ပုံ ရ၏။ ထို့ကြောင့် ရွှေနန်းတော်သို့ ဆင်ထက်တွင်တင်၍ ဆောင်ကြဉ်းလာခဲ့ရာ၏။ ရွှေနန်းတော်သို့ ရောက်ရှိပြီး နောက်နှစ်ကာလမကြာမီ အစောသည် အဆောင်ရသော မိဖုရားတစ်ဦး ဖြစ်လာ၏။ စဉ်းစားဆင်ခြင်ဉာဏ်ရော အပြောအဆို အဆက်အဆံပါ ထက်မြက်လိမ္မာသဖြင့် တစ်စထက်တစ်စ အရေးပါ အရာရောက်သော မိဖုရားကြီးတစ်ပါး ဖြစ်လာ၏။ မင်းကြီးကလည်း မြတ်နိုး၍ အရေးပေးလှသဖြင့် မိဖုရားစော၏ အရှိန်အဝါနှင့် ဩဇာသည် ကြီးမားလာသည်။ အကြံကောင်း ဉာဏ်ကောင်းများ ပေးတတ်သော မိဖုရားစောကို ဥဇနာမင်းသည် သွားလေရာသို့ သူနှင့်အတူ ခေါ်ဆောင်သွားလေ့ ရှိ၏။ ယခုလည်း ဒလသို့ ဆင်ကျော့သွားရင်း ခေါ်ဆောင်သွားခဲ့သည် မဟုတ်သလော။ ဤကဲ့သို့ အရှိန်အဝါနှင့် ဩဇာ

mgyoe.com

m g o m SAMPLE BOOK

တိက္ကမ ကြီးမားရုံသာမက အဘက်ဘက်တွင် ပါးရည်နပ်ရည် ရှိသော မိဖုရားစော၏ အကူအညီ အထောက်အပံ့နှင့် အကြံဉာဏ်များကို ရယူနိုင်မှသာလျှင် ပုဂံပြည်သူ၊ ပုဂံပြည်နှင့် ပုဂံမင်းဆက်များ၏ ကြမ္မာကို ကောင်းစွာ သယ်ပိုး ထမ်းဆောင်နိုင်လိမ့်မည် ဖြစ်ကြောင်း အမတ်စစ်သူကြီး သဘောပေါက် နားလည်ထား၏။ အသိအမှတ်လည်း ပြု၏။

ရာဇသင်္ကြန်အမတ်ကြီး ဒုတိယ အလေးထား စဉ်းစားခြင်း ပြုရသူမှာ မင်းသားကြီး သီဟသူပင် ဖြစ်၏။ ထိုမင်းသားကြီးသည် နတ်ရွာစံ ရှင်ဘုရင်မင်းမြတ်နှင့် ရွှေဂူဒါယကာ သားတော် မင်းရှင်စော၏ မြေးဖြစ်သူ မိဖုရားကြီးမှ ဖွားမြင်သော သားတော်လည်း ဖြစ်၏။ ထိုမင်းသားကြီးကို အလေးထား ထည့်သွင်းစဉ်းစားခြင်း မပြုဘဲနှင့် ပုဂံပြည်၏ ကြမ္မာကို အဘယ်သို့ စီရင်ခန့်ခွဲနိုင်စရာ အကြောင်းရှိလိမ့်မည်နည်း။

သို့ရာတွင် ယင်းမင်းသားကြီးသည် အမတ်ကြီး ဆက်ဆံခဲ့ဖူးသော အခြားအခြားသော မင်းညီမင်းသွေးများနှင့် မတူ၊ တစ်မူ ထူးခြား၏။ မင်းသားကြီးသီဟသူသည် စိတ်နေသဘောထား ခက်ထန် ရိုင်းပျ၏။ အမူအကျင့်လည်း ရန့်ရင်းကြမ်းတမ်း၏။ ထို့ပြင်သာ မဟုတ်သေး၊ အမျက်စောင်မာန်ကြီးကာ ငါတကောလည်း ကောတတ်သူ ဖြစ်၏။ သာမန်အမတ်ငယ်များကို ထားဘိဦး။ ရာဇသင်္ကြန်ကဲ့သို့ သက်ရွယ်ကြီးရင့်သော အမတ်စစ်သူကြီး တစ်ယောက်လုံးကို ပင် ကြိမ်ဖန်များစွာ ကဲ့ရဲ့ကောစ ပြုဖူး၏။ မခန့်လေးစား ဆက်ဆံဖူး၏။ တစ်ကြိမ်သောအခါက နန်းရင်ပြင်တွင် အမတ်စစ်သူကြီး ရာဇသင်္ကြန်ကိုပင် ကွမ်းသွေးနှင့် ထွေးခဲ့ဖူးပြီ မဟုတ်သလော။ နိုင်ငံတော်၏ အခြေအနေ သိမ်မွေ့လျက် ရှိသော အချိန်ကာလမျိုးတွင် ထိုကဲ့သို့သော နိုင်ငံ့အကြီးအကဲ တစ်ဦးတစ်ယောက်နှင့် အဘယ်သို့ အလုပ်လုပ်၍ ဖြစ်နိုင်ပါ့မည်နည်း။ ဤကဲ့သို့သော ရိုင်းပျ၍ ငါတကောလည်း ကောတတ်သော လူတစ်ယောက်ကို အမှူးထားကာ ပုဂံပြည်သူ၊ ပုဂံရွှေပြည်နှင့် ပုဂံမင်းဆက်များ၏ ကံကြမ္မာကို အဘယ်သို့ အဘယ်ပုံ စီရင်ခန့်ခွဲ၍ ဖြစ်နိုင်ပါမည်နည်း။ မင်းသားကြီးသည် ယခုအခါ နေပြည်တော်၌ နန်းစောင့်အဖြစ် ရှိ၏။ သို့ရာတွင် ရာဇသင်္ကြန်သည် ဦးခေါင်းကိုသာ ခါယမ်းလျက် ရှိ၏။

အမတ်ကြီးအနေနှင့် တတိယနှင့် နောက်ဆုံးအကြိမ် ထည့်သွင်း စဉ်းစားခြင်း ပြုလာရသူမှာ ပုဂံနေပြည်တော်တွင် ဘာမျှ မထင်ရှားသော အညတြမင်းသားငယ်တစ်ဦး ဖြစ်၏။ ထိုမင်းသားငယ်ကိုကား ဘယ်သူ တစ်ဦးတစ်ယောက်

mgyde.com

mgyoe.com

ကမျှ လူရာသွင်းကြသည်တော့ မဟုတ်။ ၎င်းအပြင် ထိုသူငယ်သည် ဘုရင့်သား ဟုသာ ဆိုရပြားလည်း အဆောင်အယောင်ရှိသော မင်းသားတစ်ပါးမျှပင် မဟုတ်။ ဘုန်းတော်ကြီးကျောင်း၌သာ ကြီးပြင်းနေထိုင်ခဲ့ရသူ ဖြစ်သည် မဟုတ်သလော။

နတ်ရွာစံ ဥဇနာဘုရင်သည် ကိုယ်လုပ်တော် အများအပြား ထားရှိသူ ဖြစ်၏။ သို့ရာတွင် ဘယ်အခါမျှ ရောင့်ရဲတင်းတိမ်ခြင်း မရှိ။ အမဲလိုက် ဆင်ဖမ်း ရင်း တောကြိုအုံကြားတွင် တွေ့သော မိန်းကလေး တစ်ယောက်ကိုလည်း မျက်စိ ကျလျှင် သိမ်းမြန်းတတ်၏။ ထိုမထင်မရှား မင်းသားငယ်သည်လည်း မြစ်သာရွာ ပန်းပွတ်သည် မျိုးရိုးမှ ကိုယ်လုပ်တော်တစ်ဦးနှင့် မြင်သော သားဖြစ်၏။ အညတြ ကိုယ်လုပ်တော် တစ်ဦးမှ မြင်သော သားဖြစ်၍ ထိုမင်းသားငယ်သည် မင်းညီ မင်းသားများ အစီးအနင်းနှင့် အဆောင်အယောင်များ မရှိ။ ဘာအခွင့်အရေးမျှ လည်း မရ။ သူ့အမိဘက်မှ ဦးရီးတော်စပ်သော ရဟန်းတစ်ပါး၏ ကျောင်းတွင် နေထိုင် ကြီးပြင်းရ၏။

သို့ရာတွင် ထိုမင်းသားငယ်သည် သူ၏ နောင်တော် မင်းသားကြီး သီဟသူနှင့် မတူ၊ အနေကျုံ့၏။ ရဟန်း၏ အဆုံးမခံရသဖြင့် ဂါရဝတရား ရှိပုံရ၏။ ထိုသူငယ်သည် မကြာမကြာ အမတ်စစ်သူကြီးထံသို့ အဝင်အထွက် ပြုတတ်၏။ ထိုသို့ ဝင်ထွက်သော အခါများတိုင်း လက်ချည်းသက်သက် မလာတတ်။ တစ်စုံ တစ်ရာ ယူဆောင်လာတတ်၏။ သူ့အမိရွာမှ ရတတ်သော ကွမ်းကလပ်အစ အခြား စားဖွယ်သောက်ဖွယ်ရာများ ပါလာလေ့ ရှိ၏။ ပြန်ခါနီးတိုင်း အမတ်ကြီးကို ဦးချ ရင်း "အဘိုး ကျွန်တော့်ကို ပစ်မထားပါနဲ့၊ မစပါ" ဟု ခယ ပြောကြားတတ်၏။

ထိုသူငယ်တွင် မာန်မာန ရှိပုံမရ။ နှိမ့်ချသော အမူအကျင့်နှင့် စိတ်နေ သဘောထား ရှိပုံလည်း ပေါ်၏။ ၎င်းအပြင် ထိုမထင်မရှား မင်းသားငယ်သည် အလွန်တရာ နုနယ်ငယ်ရွယ်သူ တစ်ဦးဖြစ်သည် မဟုတ်သလော။ အသက် အရွယ်မှာလည်း ၁၆ နှစ်သားခန့်မျှလောက်သာ ရှိလိမ့်ဦးမည် ဖြစ်၏။ ထိုသို့ ဘာမျှ အဆိပ်အတောက် မရှိသော သူငယ်မျိုးကို အသုံးချရလျှင် ပုဂံပြည်သူ၊ ပုဂံရှေပြည် နှင့် ပုဂံမင်းဆက်တို့၏ ကံကြမ္မာကို မိမိ အလိုရှိသလို စိတ်တိုင်းကျ စီရင် ဖန်တီးနိုင် လိမ့်မည် ဖြစ်သည် မဟုတ်သလော။ ပုဂံမင်းဆက်၏ ဒုတိယ နောက်ဆုံးဘုရင် ဖြစ်သော ဥဇနာမင်းကြီး ဒလ သစ်တောကြီးများအတွင်း ရုတ်တရက် နတ်ရွာစံလွန် သွားသော သတင်းကို ကြားသိရလျှင်သိရချင်း အမတ်စစ်သူကြီး ရာဇသင်္ကြန် သည် ထိုကဲ့သို့ စဉ်းစားကြံစည်ခဲ့ရပုံ ရလေ၏။

mgyoe.com

m g y o e . c o m

SAMPLE BOOK


(၄)

ရာဇသင်္ကြန်သည် နတ်ရွာစံ ဘုရင်မင်းမြတ်၏ ခမည်းတော်ဖြစ်သော ပရမဓဿမိန္ဒြနှင့် သဒ္ဒမိန္ဒြကျမ်းပြုဆရာ ကျစွာမင်းကြီး လက်ထက်မှစ၍ ပြည်ထဲရေးနှင့် ကာကွယ်ရေးကိစ္စ အရပ်ရပ်များကို ကြပ်မတ်ကွပ်ကဲခဲ့ရသော၊ စီရင်ခန့်ခွဲရသော အမတ်စစ်သူကြီး ဖြစ်၏။ ယင်းသို့ မင်းနှစ်ဆက်တိုင်တိုင် နိုင်ငံတော်၏ အရာထမ်း၊ အမှုထမ်းများသာမက လက်နက်ကိုင်တပ်ဖွဲ့များ အားလုံးကိုပါ ကြီးကြပ်အုပ်ချုပ်လာခဲ့ရသော လူယုံဖြစ်ရကား လွှတ်တော်၌ရော ကာကွယ်ရေးတပ်ဖွဲ့များ၌ပါ များစွာ သြဇာတိက္ကမ ကြီးမား၏။ တပည့်တပန်းနှင့် ကျေးဇူးခံ၊ ကျေးဇူးစားများလည်း များပြား၏။ ၄င်းအပြင် နှစ်ပေါင်းများစွာ အုပ်ချုပ်လာခဲ့ရသူ ဖြစ်သဖြင့် အရပ်ရပ် အတွေ့အကြုံများ ကြွယ်ဝများပြားခြင်း ရှိ၏။

ရာဇသင်္ကြန်အမတ်ကြီးသည် ကျစွာဘုရင် မင်းသားငယ် ဘဝနှင့်တုန်းကတည်းက ဇေယျသိင်္ခ မင်းဆရာတော် သီဟမဟာဥပါလိထေရ်ထံ၌ အတူတကွ ပညာသင်ကြားခဲ့ရသော ကျောင်းနေဖက် ဖြစ်၏။ ကစားဖက်လည်း ဖြစ်၏။ ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး များစွာ ရင်းနှီးကျွမ်းဝင်၏။ ရာဇသင်္ကြန်သည် ကျစွာမင်းသားထက် အသက်အရွယ် အတန်ငယ် ကြီးရင့်သဖြင့် အစ်ကိုဟူ၍ လေးလေးစားစား ခေါ်ဝေါ်ဆက်ဆံခြင်း ခံခဲ့ရသူပါ ဖြစ်၏။

ဇေယျသိင်္ခမင်းကြီး နတ်ရွာစံ၍ ကျစွာမင်းသား အရိုက်အရာကို ဆက်ခံရသောအခါ ဘုရင်သစ်၏ ခင်မင်ရင်းနှီးခြင်းနှင့် ယုံကြည်လေးစားခြင်း ခံရသော ကျောင်းနေဖက်နှင့် ကစားဖော် ရာဇသင်္ကြန်သည် လွှတ်တော်ဝန်ကြီး ဖြစ်လာရ၏။ ရာဇသင်္ကြန်ဘွဲ့လည်း ရ၏။ ဘုရင်မင်းမြတ်၏ ယုံကြည်ခြင်းခံရသော လွှတ်တော်ဝန်ကြီး ဖြစ်၍ အခြားမှူးမတ်များသာမက မင်းညီမင်းသားများကပါ ရိုသေ ခန့်ညားကြ၏။ အရည်အချင်းရှိသော အရာထမ်းဖြစ်၍လည်း လေးစားရိုသေကြ၏။

ကျစွာမင်းကြီးသည် နိုင်ငံတော်၏ အရေးအခင်းများထက် သာသနာတော်၏ အရေးကိစ္စများတွင်သာ စိတ်အားထက်သန်သူတစ်ဦး ဖြစ်၏။ နိုင်ငံတော်၏ အရပ်ရပ် အရေးအခင်းများနှင့် ပြဿနာများကို သားတော်ဖြစ်သူ အိမ်ရှေ့ ဥပရာဇာကိုပင် လွှဲအပ်ခြင်းမပြုဘဲ ရာဇသင်္ကြန်ကိုသာ အာဏာကုန် လွှဲအပ်ထားခဲ့ပုံ ပေါ်၏။ မင်းကြီးမှုကား တရားဓမ္မများနှင့် စာပေကျမ်းဂန်များ၌သာ မွေ့လျော်ရင်း အချိန်

m g y o e . c o m

mgyoe.com SAMPLE BOOK

ကုန်လွန်လေ့ ရှိ၏။ တောကစား အလေ့အကျင့်၌ အထုံဝါသနာကြီးသော အိမ်ရှေ့ ဥပရာဇာကိုပင် ရာဇသင်္ကြန်၏ အုပ်ချုပ်မှုအောက်တွင် လွှဲအပ်ထား၏။ ဥပရာဇာ မင်းသားကြီး ဥဇနာကလည်း အမတ်ကြီး ရာဇသင်္ကြန်ကို ရိုသေခဲ့ညားပြီး ဖြစ်ရ ကား နိုင်ငံတော်၏ အရပ်ရပ် အုပ်ချုပ်ရေးကိစ္စများတွင် သူ့လက်နှင့် သူ့ခြေသာ ဖြစ်လာ၏။ လွှတ်တော်တွင် လည်းကောင်း၊ တရားရုံးတော်တွင် လည်းကောင်း၊ ရွှေတိုက်တော်နှင့် ကာကွယ်ရေးဌာနများတွင် လည်းကောင်း အမတ်စစ်သူကြီး ရာဇကြံ့နီ၏ အမိန့်သြဇာ ဖြစ်လာ၏။

ကျစ္စာမင်းတရား သန်လျက်ထိ၍ နတ်ရွာစံသောအခါ ဥဇနာမင်းသား ကြီးက အရိုက်အရာကို ဆက်ခံ၏။ ဥဇနာဘုရင်ကလည်း နိုင်ငံတော်၏ အရပ်ရပ် အရေးအခင်းများနှင့် အကြောင်းကြီးငယ်များကို နတ်ရွာစံ ခမည်းတော် လက်ထက် ကအတိုင်း အမတ်စစ်သူကြီး ရာဇသင်္ကြန်ကိုသာ ယုံစား၍ အပ်ထားမြဲ ထား၏။ ထို့ကြောင့် နိုင်ငံတော်၏ အာဏာသည် အမတ်ကြီးလက်ဝယ်၌သာ ရှိမြဲ ရှိနေခဲ့၏။ ဘုရင်မင်းမြတ်မူကား နေပြည်တော်၌ပင် နေသည် မရှိ၊ နေပြည်တော်နှင့် ဝေးလံ သော တောတောင်များ အကြားတွင်သာ အမဲလိုက် ဆင်ကျော့ရင်း အချိန်ကုန် လွန်လျက် ရှိ၏။

သို့ရာတွင် ဥဇနာမင်းကြီး၌ သီဟသူ အမည်ရှိသော သားတော်တစ်ပါး ထွန်းကားလာခဲ့ရာ ထိုမင်းသားကြီးသည် အလိုရမ္မက်ကြီးသူတစ်ဦး ဖြစ်ရကား၊ နိုင်ငံတော်၏ အာဏာများ ချုပ်ကိုင်ထားသော အမတ်စစ်သူကြီး ရာဇသင်္ကြန်ကို မရှုဆိတ် မနာလို ဖြစ်လာပုံရ၏။ ထို့ကြောင့် အမတ်စစ်သူကြီး၏ လက်ဝယ်မှ တန်ခိုး အာဏာများကို လုယက်ယူငင်ရန် အခါအခွင့်ရတိုင်း ကြံစည်အားထုတ်ခဲ့ပုံ ရ၏။

အာဏာကို လက်ဝယ်ရရှိထားသူ တစ်ဦးသည် အခြားတစ်ပါးသော သူ ကို အဘယ်သို့ အသာတကြည် လွှဲပြောင်းပေးသောထုံး ရှိဖူးသနည်း။ အာဏာ ပြဿနာပေါ်တွင် မင်းသားကြီးနှင့် အမတ်စစ်သူကြီးတို့၏ ပဋိပက္ခသည် စတင်၍ ကြီးထွား၏။ သို့ရာတွင် မင်းသားကြီးသီဟသူမှာ ခမည်းတော် မရှိလျှင် ပုဂံ နန်းမွေကို ဆက်ခံရန် အလားအလာအရှိဆုံး ပုဂ္ဂိုလ်တစ်ဦး ဖြစ်သော်ငြားလည်း အသက်အရွယ်၊ အတွေ့အကြုံ၊ အသိအလိမ္မာနှင့် အစည်းအရုံးများဘက်တွင် များစွာ နုနယ်သေးသူ ဖြစ်၏။ ထို့ကြောင့် ရာဇသင်္ကြန်ကို မကြံစည်နိုင်ဘဲ ဖြစ်နေ

mgyoe.com

m g o m SAMPLE BOOK

၏။ ထိုအကြောင်းကို ရိပ်စားမိပုံရသော ဥဇနာမင်းကြီးကလည်း သားတော် သီဟသူကို အိမ်ရှေ့ဥပရာဇာ အစီးအနင်း အဆောင်အယောင်များ ချီးမြှင့်ခြင်း မပြုသေးဘဲ ဆိုင်းငံ့ထားဟန် တူ၏။ အကယ်၍ သားတော် သီဟသူကို အိမ်ရှေ့ မင်းသား အဆောင်အယောင်ကို ပေးအပ်ရသည် ဆိုပါက အစီးအနင်းမျှသာ မဟုတ်ဘဲ အခွင့်အာဏာကိုပါ ပေးအပ်ရလိမ့်မည် ဖြစ်သည် မဟုတ်သလော။ ထိုအခါ လွှတ်တော်၌ ဥပရာဇာမင်းသားကြီးနှင့် အမတ်စစ်သူကြီးတို့ ထိပ်တိုက် တိုးမိကြတော့မည်သာ ဖြစ်၏။ နိုင်ငံတော်၏ အမြင့်ဆုံးအာဏာ အဆောက်အအုံ ထက်တွင် မင်းသားကြီးနှင့် အမတ်ကြီးတို့သာ အတိအလင်း စိတ်ဝမ်း ကွဲပြားကြ ပါက နိုင်ငံတော် နှစ်ခြမ်းကွဲနိုင်စရာ အကြောင်းရှိရာ၏။ ထို့ကြောင့်လည်း ဥဇနာ မင်းကြီးသည် သားတော် မင်းသားကြီးကို ထိန်းအုပ်ထားခဲ့ခြင်း ဖြစ်တန်ရာ၏။

သို့ရာတွင် ထိုအရေးနှင့် ပတ်သက်၍ မင်းသားကြီး သီဟသူက ထိုကဲ့သို့ စဉ်းစား တွက်ချက်တတ်ပုံ မရ။ ငယ်ရွယ်သူ ဖြစ်သည့်အလျောက် အမတ်စစ်သူ ကြီး၏ ပယောဂကြောင့်သာ ဖြစ်ရမည်ဟု ကောက်ချက်ဆွဲကာ ရာဇသကြ်န် အပေါ် ရန်ငြိုးဖွဲ့သည်ထက် ဖွဲ့လာခဲ့ရာမှ နန်းရင်ပြင်တွင် စိတ်လိုက်မာန်ပါ ကွမ်းသွေးနှင့် ထွေးခဲ့ခြင်း ဖြစ်ရာ၏။ ထိုသို့ အစော်ကားခံခဲ့ရသဖြင့် အမတ် စစ်သူကြီးကလည်း ငယ်ရွယ်သော မင်းသားကြီး သီဟသူအပေါ် စိုးရွံ့နာကြည်း ခဲ့ဟန် တူ၏။ အဘယ်ကြောင့်ဆိုသော် မင်းသားကြီး ကွမ်းသွေး အထွေးခံရသော ဝတ်ရုံကို မဆေးမကြော၊ မဖွပ်မလျှော်ဘဲ သည်အတိုင်း သိမ်းဆည်းထားခဲ့သော ကြောင့်ပင် ဖြစ်၏။

❑

mgyoe.com

mgyoe.com SAMPLE BOOK

## ၆။ ဆင်ဖြူတော်နှင့် သချိုင်းတော်

(၁)

ဥဇနာဘုရင်မင်းမြတ် ဒလတွင် နတ်ရွာစံ ကံတော်ကုန်သွားသော သတင်းကို လွှတ်တော်က အတည်ပြု ကြေညာလိုက်သောအခါ ပုဂံနေပြည်တော်တွင် အနည်းငယ်လောက်သာ လှုပ်ရှားခြင်း ရှိ၏။ လှုပ်ရှားသည် ဆိုရာ၌ ပြည်သူပြည်သားများ အတွင်း၌ကား မဟုတ်ပေ။ ရွှေနန်းတော်နှင့် သက်ဆိုင်သော မင်းညီမင်းသားများ၊ မှူးကြီးမတ်ကြီးများနှင့် အရာထမ်း၊ အမှုထမ်းများ အသိုင်းအဝိုင်းလောက်တွင်သာ ဖြစ်၏။ ရွှေနန်းတော်၏ အသိုင်းအဝိုင်းတွင်လည်း အဖေသေလျှင် သား ဆက်ခံရိုးဖြစ်သော အစဉ်အလာရှိသည့်အတိုင်း မင်းသားကြီး သီဟသူ ထီးမွေဆက်ခံမည့် အကြောင်းလောက်သာ ပြောဆိုလျက် ရှိကြ၏။ နတ်ရွာစံ ဘုရင်မင်းမြတ်တွင် မိဖုရားနှင့်မြင်သော သားတော်ဆို၍ ဤမင်းသားကြီး တစ်ပါးသာ ရှိသည် မဟုတ်သလော။ ထို့ကြောင့် ပုဂံထီးမွေနှင့် ပတ်သက်၍ အငြင်းပွားစရာနှင့် သွေးထွက်သံယို ဖြစ်စရာအကြောင်း မရှိပေ။

ထိုအချိန်တွင် မင်းသားကြီး၏ စံအိမ်တော်၌ ရှင်ဘုရင်လောင်း သီဟသူနှင့် အမတ်စစ်သူကြီး ရာဇသင်္ကြန်တို့ နှစ်ဦးသည် ရာဇဘိသိက် ခံယူရေး အစီအစဉ်နှင့် အခမ်းအနားများအကြောင်း ညှိနှိုင်းတိုင်ပင်လျက် ရှိကြ၏။ ဆွေးနွေး

mgyoe.com

m g y o e . c o m


ပြောဆိုလျက် ရှိကြ၏။ ဥဇနာဘုရင်မင်းမြတ် ရှိစဉ်ကာလများက မင်းသားကြီးနှင့် အမတ်စစ်သူကြီးတို့၏ ဆက်ဆံရေးသည် ခပ်တန်းတန်း ခပ်မှန်မှန် ဖြစ်သော်လည်း ယခုအခါ ထိုကဲ့သို့ မဟုတ်တော့ပေ။ ရင်းရင်းနှီးနှီးနှင့် ပျော့ပျော့ပျောင်းပျောင်း ဖြစ်၏။ အထူးသဖြင့် အမတ်စစ်သူကြီးသည် ပိုမိုသိမ်မွေ့ခြင်း ရှိ၏။

သူ၏ အစီအစဉ်နှင့်သူ ဖြစ်သော မင်းသားကြီးသည် သူ၏ ရာဇဘိသိက်ခံယူပွဲကို အဆောတလျင် ကျင်းပပြုလုပ်ရန် အမတ်စစ်သူကြီးကို တိုက်တွန်းပြောကြားလျက် ရှိ၏။ ရာဇဘိသိက်ခံယူခြင်း မပြုဘဲ အဘယ်မင်းသား သော်လည်းကောင်း၊ သူဆင်းရဲ သော်လည်းကောင်း ရေမြေ့သနင်း ပြည့်ရှင်မင်း ဖြစ်နိုင်သနည်း။ သီဟသူ၏ အရေးကြီးဆုံးသော အလုပ်မှာ ရာဇဘိသိက် ခံယူပြီး နိုင်ငံတော်၏ အရပ်ရပ် တန်ခိုးအာဏာများ သိမ်းပိုက်ရေးပင် ဖြစ်သည် မဟုတ်သလော။

သို့ရာတွင် အမတ်ကြီး ရာဇသင်္ကြန်သည်လည်း သူ့အကြံအစည်နှင့်သူ ဖြစ်၏။ သူ၏ အကျိုးစီးပွားအနေနှင့် ကြည့်မည်ဆိုလျှင် မင်းသားကြီး သီဟသူ ရှင်ဘုရင် မဖြစ်ရေးသည် အရေးကြီးဆုံး ဖြစ်၏။ ထို့ကြောင့် ရာဇဘိသိက်ခံယူပွဲ အစီအစဉ်ကို ရက်တရက် မကျင်းပ၊ မပြုလုပ်ဖြစ်အောင် အကြောင်းအမျိုးမျိုး ပြကာ အချိန်ဆွဲလျက် ရှိ၏။ တကယ်ဆိုတော့ မင်းသားကြီးနှင့် အမတ်စစ်သူကြီးတို့၏ စကားစစ်ထိုးပွဲသည် အတွေ့အကြုံ ရင့်ကျက်ကြွယ်ဝသူ တစ်ဦးနှင့် စိတ်လိုက်မာန်ပါ ပြုလုပ်ချင်သော နုနယ်ငယ်ရွယ်သူ တစ်ဦးတို့၏ နည်းပရိယာယ်ရေး တိုက်ပွဲတစ်ပွဲမျှသာ ဖြစ်၏။

"အရှင့်သား ခမည်းတော်သည် ကျေးစွန်ရွာနားဖြစ်သော ဒလမြို့တွင် အနိစ္စ ရောက်တော်မူ၍ သင်္ဂြိုဟ်တော်မူသော သင်္ချိုင်းတော်ကို ဦးတိုက်ရသော အမှုုးအမတ်တို့လည်း ဦးတိုက်ကြရပြီ။ ဦးမတိုက်ကြရသေးသော အမှုုးအမတ်တို့လည်း ဦးမတိုက်ကြရသေး ဖြစ်သည်။ ကျွန်တော်မျိုးနှင့်တကွ ဦးမတိုက်ရသေးသော အမှုုးအမတ် ကလန်သံဗျင်များ ခမည်းတော် သင်္ချိုင်းတော်ကို သွားရောက် ဦးတိုက်ခွင့် ပြုတော်မူပါ။ သင်္ချိုင်းတော်ကို ဦးတိုက်ပြီးစီး၍ ပြန်သောအခါမှ အရှင့်သား ဘိသိက်ခံတော်မူပါ" ဟု အမတ်စစ်သူကြီးက အကျိုးသင့် အကြောင်းသင့် တင်လျှောက်သောအခါ မင်းသားကြီးသည် ငြင်းဆန်၍ မဖြစ်တော့ရကား "ခမည်းတော်သင်္ချိုင်းကို ဦးတိုက်ပြီးလျှင်ပြီးချင်း အလျင်ပြန်ခဲ့ရမည်" ဟု ပြန်လည် မိန့်ကြား၏။

m g y o e . c o m